
စိတ်ကူးချိုချိုအနုပညာ

# ဂျာနယ်ကျော်ဦးချစ်မောင်၏ ဝတ္ထုတိုများ



ဒုတိယအကြိမ်

ဂျာနယ်ကျော်ဦးချစ်မောင်

၏

ဝတ္ထုတိုများ

MML0010

2,500.00 KS

mayoe.com

mgyoe.com

ဂျာနယ်ကျော်ဦးချစ်မောင်၏ဝတ္ထုတိုများ
စာမျက်နှာ ၂၄၁ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ အောက်တိုဘာလ၊ ဒုတိယအကြိမ်၊ ၂၀၀၃ ရတနာပုံစာအုပ်တိုက်၏ ပထမအကြိမ်မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဂျာနယ်ကျော် ဦးချစ်မောင်၏ ဝတ္ထုတိုများ

ဒုတိယအကြိမ်၊ ၂၀၁၅

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

## ပင်ကိုရေး


– ဂျာနယ်ကျော်ဦးချစ်မောင်၏ အတ္ထုပ္ပတ္တိအကျဉ်း (က)
– မူလစီစဉ်သူမှ စာဖတ်သူသို့ (င)
၁။ အခုရေစက် ၁
၂။ စုံထောက်အောင်ဘု၏ အမှုများ ၁၅
၃။ မေ မလွမ်းလေရော့သလား ၂၉
၄။ ဝတ္ထု ဝတ္ထု ၄၁
၅။ အပျို လူပျိုများဖတ်ရန် မဟုတ်သောစာ ၅၇
၆။ နင်တန် နင်တန် ပန်းကန်ကွဲ ၆၇
၇။ ပါလေပြီတဲ့ ၇၅
၈။ အဆက်ဆော် ၈၃
၉။ ဘကြီးကျန်း ၁၀၅
၁၀။ သည်းကြွေလုဖွယ် ၁၂၁


mgyoe.com

mgyoe.com

## ဘာသာပြန်


| | | |
|---|---|---|
| ၁။ | ကျပ်ပြား ၅၀ | ၁၄၇ |
| ၂။ | ယောက်ျားနှင့် မိန်းမ တစ်ကယ်တမ်းပြိုင်လျှင် | ၁၇၁ |
| ၃။ | ခွဲကောင်းလှသော ရှေ့နေစုံထောက် ဒေါ်စံရှား | ၁၈၁ |
| ၄။ | လက်ရေးရှင် | ၁၈၉ |
| ၅။ | တေးသံဖြင့် ဘဝကူးသူ | ၁၉၇ |
| ၆။ | မသေမီသေသူ | ၂၀၅ |
| ၇။ | တွေ့ရာသချိုင်း | ၂၁၅ |
| ၈။ | လူမှားလို့ | ၂၃၅ |


❑

mgyoe.com

mgyoe.com

# ဂျာနယ်ကျော်ဦးချစ်မောင်၏ အတ္ထုပ္ပတ္တိအကျဉ်း

(မြန်မာ ၁၂၇၄–၁၃၀၇)။ ဦးချစ်မောင်သည် ၁၂၈၂ ခုနှစ် (ခရစ် ၁၉၃၀–ပြည့်) လောက်မှစ၍ ထင်ရှားလာသော သတင်းစာဆရာ၊ စာရေး ဆရာနှင့် မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးဖြစ် သည်။ ဂျာနယ်ကျော်သတင်းစဉ်ကို ထုတ်ဝေသောကြောင့် နာမည်ထင်ရှားကျော်စောကာ ဂျာနယ်ကျော်ဦးချစ်မောင်ဟု မြန်မာနိုင်ငံ တစ်ဝန်းလုံး ကျော်ကြားခဲ့လေသည်။

ဦးချစ်မောင်ကို သာယာဝတီခရိုင်၊ အုတ်ဖိုမြို့တွင် အဖ ဦးမြ၊ အမိ ဒေါ်စောယုတို့မှ ၁၂၇၄ ခုနှစ်၊ ပြာသိုလဆန်း (၁၃) ရက်၊ တနင်္လာနေ့ တွင် ဖွားမြင်သည်။ ဒေါ်စောယု ၏ဖခင်မှာ ဗြိတိသျှတို့ မြန်မာနိုင်ငံကို သိမ်းယူစဉ်က တော်လှန်တိုက်ခိုက်ရင်း ကျဆုံးခဲ့သော ရွှေကျင်ဝန်ကြီး ဦးကြင်ဖြစ်သည်။

ဦးချစ်မောင်သည် ငယ်စဉ်က လက်ပံတန်းမြို့တွင် ပညာ သင်ကြားရလေသည်။ လက်ပံတန်းမြို့ အစိုးရအထက်တန်း ကျောင်း၊ ကျောင်းအုပ်ကြီး မစ္စတာအို၊ အောင်ထွန်းက

mgyoe.com

mgyoe.com



ကျောင်းထားပေးသဖြင့် ဆယ်တန်းစာမေးပွဲကို အောင်မြင်ကာ ထိုကျောင်း၌ပင် ခေတ္တကျောင်းဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ရန်ကုန်မြို့သို့ စာအုပ်ဝယ်ရန် ခေတ္တလာရောက်ရာမှ တစ်ခါတည်း မပြန်တော့ဘဲ အနော်ရထာ သတင်းစာတိုက်တွင် ဝင်ရောက်အလုပ် လုပ်ကိုင်သည်။

ထို့နောက်တွင် ဈေးနှုန်းသတင်းစာတိုက်နှင့် မြန်မာ့အလင်းသတင်း စာတိုက်များတွင် ဝင်ရောက်လုပ်ကိုင်သည်။ ဦးချစ်မောင်သည် ဉာဏ်ထက်မြက်၍ အလုပ်ကို မနားမနေကြိုးစားလုပ်ကာ စာမပြတ်ဖတ်လေ့ရှိသဖြင့် မြန်မာ့အလင်းသတင်းစာတိုက်တွင် ညအယ်ဒီတာမှ အယ်ဒီတာချုပ်အဖြစ်သို့ ရောက်အောင် အဆင့်ဆင့် တိုးတက်လာခဲ့သည်။ သတင်းစာအယ်ဒီတာအဖြစ်ဖြင့် မျိုးချစ်စိတ်အရင်းခံရှိပြီးဖြစ်သည့်အတိုင်း နိုင်ငံအတွက် အကျိုးရှိမည့် အရေးကိစ္စများတွင် ရဲရဲရင့်ရင့် ရေးသားဖော်ပြလေ့ရှိသည်။ ထိုသို့ ရေးသားရင်း လွတ်လပ်စွာ ရေးသားခွင့်အတွက် တိုက်ရှင်နှင့် စိတ်သဘောထားချင်း မတူသဖြင့် ၁၃၀၁–ခုနှစ် (ခရစ် ၁၉၃၉ ခုနှစ်) တွင် အယ်ဒီတာအဖြစ်မှ နုတ်ထွက်လိုက်သည်။

ထိုသို့နုတ်ထွက်ပြီးနောက် မိမိကိုယ်တိုင် ဦးစီး၍ ဂျာနယ်ကျော်အမည်ဖြင့် သတင်းစဉ်တစ်စောင်ကို ထုတ်ဝေလိုက်ရာ နိုင်ငံရေး၊ စစ်ရေးတို့ကို ပြတ်ပြတ်သားသား ဝေဖန်ရေးသားသဖြင့် အလွန်လူကြိုက်များခဲ့သည်။ ထိုဂျာနယ်တွင် ဗြိတိသျှခေတ် တိုင်းပြည်လူထုကို မျိုးချစ်စိတ်ထက်သန်စေရန်နှင့် လွတ်လပ်ရေး ဆန္ဒပြင်းထန်စေရန် အထူးတိုက်တွန်းရေးသား၍ ဆင်းရဲသားတို့၏ နစ်နာမှုများကို တင်ပြကာ နယ်ချဲ့

mgyoe.com

mgyoe.com



အစိုးရအား ပြင်းထန်စွာ ဝေဖန်ရေးသားသည်။

ရွှေလင်းယုန် ကလောင်အမည်ဖြင့် "ရှာရှာဖွေဖွေ" အမည်ရှိ စာအုပ်နှင့် "ကမ္ဘာကြီးပျက်စီးလုနီးပြီလော" စသော နိုင်ငံရေးကျမ်းများကို ရေး သားသည်။ "သူ" အမည်ရှိသော ဝတ္ထုတစ်ပုဒ်ကိုလည်း ရေးသားရာ စိတ်နေစိတ်ထား ပြုပြင်ရေးအတွက် သင်ခန်းစာပေးသော ဝတ္ထုဖြစ်သဖြင့် လူကြိုက်များခဲ့ပေသည်။ "မှိုင်းမှုံမှုံ" ဝတ္ထုကိုလည်း ဦးချစ်မောင်ပင် ရေးသည်။

ဂျပန်ခေတ်တွင် ဘိုကလေးမြို့သို့ ရှောင်ခွာနေပြီးနောက် ရန်ကုန်မြို့ သို့ပြန်လာကာ တော်လှန်ရေးလုပ်ငန်းများကို ဆောင်ရွက်သည်။ ဗြိတိသျှ စစ်တပ်များ ပြန်ဝင်လာသော အခါ ဖမ်းဆီးခြင်းခံရသေးသည်။ ထို့နောက် ဗိုလ်ချုပ် အောင်ဆန်းခေါင်းဆောင်သော ဖဆပလ ဗဟိုဦးစီးအဖွဲ့တွင် ပါဝင်ကာ လွတ်လပ်ရေးအတွက် အရေးဆိုရာတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်သည်။ ဖဆပလအစိုးရ ဖွဲ့စည်းရန် အတွက် ဘုရင်ခံထံသို့ တင်ပြသော တောင်းဆိုချက် စည်းကမ်းများကို ရေးဆွဲရာတွင် ဦးချစ်မောင်၏ အကြံဉာဏ် များစွာပါဝင်သည်။ ထိုနှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာ အသင်း၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်နေဆဲတွင် ရုတ်တရက် မကျန်းမာ ဖြစ်၍ ၁၃၀၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၂) ရက်နေ့တွင် ကွယ်လွန်ရာ ဖဆပလအဖွဲ့ချုပ်မှ ကြီးမှူး၍ ကြံတော သုသာန်တွင် သင်္ဂြိုဟ်သည်။

ဦးချစ်မောင်တွင် သား(၂) ယောက်နှင့် သမီး(၁)

mgyoe.com

mgyoe.com



ယောက် ကျန်ရစ်သည်။ ဇနီးမှာ အမျိုးသမီးစာရေးဆရာ ဂျာနယ်ကျော်မမလေး အမည်ခံ ဒေါ်မမလေးဖြစ်သည်။ ဒေါ်မမလေးသည် သူ၏ခင်ပွန်းဦးချစ်မောင်၏ အတ္ထုပ္ပတ္တိကို "သူလိုလူ" ဟူသောစာအုပ်တွင် မှတ်တမ်းတင်ခဲ့သည်။

❑

mgyoe.com

mgyoe.com

## မူလစီစဉ်သူမှ စာဖတ်သူသို့

ရတနာပုံစာအုပ်တိုက်အနေဖြင့် ဂျာနယ်ကျော်ဦးချစ်မောင်၏ "ကမ္ဘာကြီးပျက်စီးလုနီးပြီလော" အမည်ရှိ နိုင်ငံရေးဆောင်းပါးများကို ပထမဆုံးတိုက်ထုတ်စာအုပ်အဖြစ် စီစဉ်ထုတ်ဝေပြီးနောက် ဤ "ဝတ္ထုတိုများ" စာအုပ်ကို ဆက်လက်ထုတ်ဝေရန် စီစဉ်နေခဲ့သည်မှာ ကာလအတန်ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။

အကြောင်းကား ဂျာနယ်ကျော်ဦးချစ်မောင် စာရေးသွားသည့် သက်တမ်း (၁၉၃၅–၄၆) ဆယ်နှစ်ကျော် ကာလအတွင်း၌ နိုင်ငံရေး၊ ပညာပေး၊ သုတ၊ ဗဟုသုတစာမျိုးတို့ကိုသာ အရေးများခဲ့ပြီး ဝတ္ထုတိုရေးသားခြင်းနည်းပါးလှသဖြင့် စာအုပ်တစ်အုပ်အဖြစ် စုစည်းထုတ်ဝေရန် အားနည်းနေခဲ့သည်ကတစ်ကြောင်း၊ ရေးသားခဲ့ပြီးသော ဝတ္ထုတိုအနည်းစုမှာလည်း ဂျာနယ်ကျော်စာစောင်တို့၌သာ အများဆုံး ရေးသားခဲ့ခြင်းဖြစ်၍ နှစ်ပေါင်း (၆၀) ကျော် သက်တမ်းရှိပြီဖြစ်သော ဂျာနယ်ကျော် စာစောင်အများစုမှာတို့ထိကာမျှဖြင့် ကြေမွသွားကုန်ပြီး အချို့မှာ ပျက်ဆီး၊ အချို့လည်း ပျောက်ဆုံးကာ ကျန်ရှိနေသော အပိုင်းများကိုရှာဖွေရန် ခက်ခဲသွားခြင်းတို့ကြောင့် စီစဉ်ချိန် ကြန့်ကြာသွားခဲ့ခြင်းလည်းဖြစ်ပါသည်။

mgyoe.com

mgyoe.com



တစ်ဖန်ဤစာစုတွင် ပင်ကိုရေးဝတ္ထုတို (၁၀) ပုဒ်နှင့် ဘာသာပြန်ဝတ္ထုတို (၈) ပုဒ်တို့ကို စုစည်းဖော်ပြထားရာ ဝတ္ထုတိုအပိုင်းတွင် "ရွှေလင်းယုန်"အမည်ဖြင့် အမည်ခံရေးသားခဲ့သည်ကိုတွေ့ရှိရသော်လည်း ဘာသာပြန်အပိုင်းတွင်မူ အများအားဖြင့် ဂျာနယ်ကျော်ဟုသာ အမည်ခံရေးသားထား၍ အတိမ်းအစောင်းအချို့လည်း ရှိကောင်းရှိသွားနိုင်ပါသည်။ (ပင်ကိုရေး) ဝတ္ထုတို (၁၀) ပုဒ်တည်းကိုသာ ဖော်ပြလျှင်လည်း စာအုပ်မှာ သေးနုတ်ဖွယ်ရာ ရှိနေပြန်၍ ဂျာနယ်ကျော်၏ တာဝန်ခံအယ်ဒီတာ တစ်ဦးအနေဖြင့် စာစောင်အချို့၌ ဖောင်လိုလျှင် လိုအပ်သလို ရေးသားပေးခဲ့သော ဘာသာပြန်များအနက်မှ အချို့ကို ကောက်နုတ်ပြီး ဤစာအုပ်၏ ပုံနှိပ်သက်တမ်း မကုန်ဆုံးမီ အလျှင်အမြန် စုစည်းထုတ်ဝေလိုက်ရခြင်း ဖြစ်ပါသောကြောင့် စာပေမိတ်ဆွေများမှလည်း နားလည်ခွင့်လွှတ်ပေးနိုင်ကြပါရန် လေးမြတ်စွာ ပန်ကြားလိုက်ရပေသည်။

ရတနာ့ပုံ စာအုပ်တိုက်

❑

mgyoe.com

mgyoe.com

# အခုရေစက်

mgyoe.com

mgyoe.com

"မင်းတို့ဥစ္စာ ရှေးကရေစက်ပေါ့ကွယ်" ဟူ၍ ဆရာတော်က ကျွန်တော်တို့ အကြောင်းနှင့်ပတ်သက်၍ အတိုဆုံးချုပ်ကာ ပြီးပြီးပြတ်ပြတ် အမိန့်ရှိလိုက်သော်လည်း ကျွန်တော့်အဖို့တွင် ထိုစကားကို များစွာမကျေနပ်လှဘဲ ရှိနေပေ၏။ မကျေနပ်သဖြင့်လည်း ဆရာတော်အား ငယ်ငယ်ကပင် အစဉ်တစိုက် ကြောက်ရွံ့လာခဲ့ရသည်ဖြစ်သောကြောင့် စကားအထွန့်တက်ကာ တစ်စုံတစ်ရာ မပြောမဆို မလျှောက်ထားဝံ့ဖြစ်ကာ မိမိစိတ်ထဲတွင်သာ ကြိတ်၍ မကျေမနပ်ဖြစ်ခဲ့မိလေ၏။ အနှင်းအား ပြော၍ပြသောအခါ "ဟုတ်သားပဲ ဆရာတော်အမိန့်ရှိတာ အမှန်ပေါ့" ဟူ၍ ဆရာတော်ကိုပင် ထောက်ခံလျက်ရှိသောကြောင့် စိတ်ပျက်ရတော့မလိုလိုပင် ဖြစ်မိသေး၏။

စင်စစ်သော်ကား အနှင်းနှင့် ကျွန်တော် တွေ့ဆုံရာမှအစ ယခုလို အကြင်လင်မယားအဖြစ်သို့အထိ ရောက်ခဲ့ကြရခြင်းမှာ ရှေးက ရေစက်ကြောင့်မဟုတ်လှဘဲ ယခုရေစက်ကြောင့်သာ ဖြစ်ခဲ့ပေ၏။ အနှင်းပင်လျှင်လည်း ဤအကြောင်းကို ရုတ်တရက်သဘောမပေါက်ဘဲ ကျွန်တော်ပြော၍ပြမှသာ သဘောပေါက်၍ နှစ်သက်သဘောကျသွားခဲ့ပေ၏။

အစကလိုလို ပြန်၍ပြောရလျှင် ကျွန်တော်ကား ကျွန်တော်တို့မြို့ကလေးတွင် သိန်းတစ်ရာဆိုသော ဆန်စက်ကြီးကိုပိုင်သောသူဌေး ဦးဘမင်း+ဒေါ်လှမိုးတို့၏ တစ်ဦးတည်းသော သားဖြစ်၍ ရန်ကုန်

mgyoe.com

mgyoe.com

တက္ကသိုလ်မှ ဘီအေအောင်မြင်ပြီးသည်နှင့်တစ်ပြိုင်နက် ကိုယ့်မြို့ကိုယ့်ရွာသို့ ပြန်လည်ရောက်ရှိကာ ကိုယ့်အိမ်၌ပင် ကိုယ်အေးချမ်းစွာနေထိုင်၍ ကမ္ဘာ့စာပေအရပ်ရပ်တို့ကို နံနက်မိုးလင်းမှ ညသန်းခေါင်သန်းလွဲအထိ မအားတမ်း မနားတမ်း အမြဲမပြတ် တရစပ်ဖတ်ရှုရင်း အချိန်ကုန်လွန်နေခဲ့သူ ဖြစ်ပေ၏။ စားရေးသောက်ရေး နေရေးထိုင်ရေးအတွက် တစ်စုံတစ်ရာ ပူပန် ကြောင့်ကြဖွယ်မရှိတိုင်း စာအုပ်များကိုသာ သဲသဲမဲမဲ ဖတ်ရှုနေထိုင်ခဲ့လေရာ ကျွန်တော်၏ မိဘနှစ်ပါးက တိုက်တွန်းဖန်များလာသည့်အခါတွင်သာ ကိုယ့်ဝင်းကိုယ့်ခြံကြီးထဲတွင် အချိန်အတန်ကြာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်မိလျက် များစွာသော အကြိမ်တို့တွင်မူ လမ်းလျှောက်ဖို့ရန်ပင် ပေါ့တန်မေ့လျော့နေခဲ့မိပေ၏။ အိမ်၏အတွင်းမှာပင် လမ်းလျှောက်ရန် ကောင်းစွာသတိမထားသူအဖို့ရာ၌ အိမ်အပြင်သို့ထွက်ခါ တောင်တောင် မြောက်မြောက်လျှောက်၍ လည်ပတ်သွားလာရန်မှာ သာ၍ပင် ဝေးလှချေ၏။ ကျွန်တော့်မိဘများ၏ ဆန္ဒစကားကြီးသို့ပင် ကျွန်တော်မှာ တက္ကသိုလ်သို့ ပညာသင်မသွားမီကသာ တစ်ခါတစ်ခေါက် ရောက်ရှိခဲ့လျက် တက္ကသိုလ်မှ ပြန်လာ၍ပြီးသည့်နောက်တွင်ကား တစ်ခေါက်မျှ မရောက်ဘဲ ရှိခဲ့လေ၏။ ဤမျှလောက် နေနိုင်ခြင်းအတွက် ကျွန်တော်၏ မိဘ နှစ်ပါးသာမဟုတ် ကျွန်တော်၏ ဆွေမျိုးညာတကာတို့လည်း များစွာ အံ့သြနေကြလေ၏။ "နေပဲနေနိုင်ရန်ကော" ဟု ပြောကြလေ၏။

"မင်း ဒီလိုနေပုံမျိုးနဲ့ဖြင့် ဘယ်တော့ မိန်းမရမှာလဲ" ဟု အဒေါ်များက လာတိုင်းလာတိုင်း ပြောဆိုသွားကြရာ မိန်းမရဖို့သည် အရေးကြီးဆုံး အလုပ်တစ်ခုဖြစ်၍ မိန်းမ မရခြင်းသည် အကြီးဆုံးသော ဆုံးရှုံးခြင်းတစ်ခုကဲ့သို့ အဒေါ်များ ထင်မြင်ယူဆပုံသည် ရယ်ဖွယ်ကောင်းလေစွ ဟူ၍သာ စိတ်ကအောက်မေ့လျက် ခပ်ပြုံးပြုံးပင် နေလိုက်ခဲ့လေ၏။ အဒေါ်များသည် တစ်ခါတစ်ရံ အပျိုလေးများကိုခေါ်၍ လာကြပြီးလျှင် ကျွန်တော့်

mgyoe.com

mgyoe.com


အား သူတို့ကို ထွက်ရောက်၍ ဧည့်ခံခြင်းဖြင့် စကားလက်ဆုံကျစေရန် ဖန်တီးကြသည်မှာလည်း မကြာခဏပင် ဖြစ်လေ၏။ သို့သော် ကျွန်တော်ကား မလွှဲသာလွန်းမက မလွှဲသာမှ ထွက်ရောက်တွေ့ဆုံလျက် ကျွန်တော့်ကို ရင်းရင်းနှီးနှီး စကားပြောဝံ့ခြင်းမရှိအောင် အတင်းဆုံးသော မျက်နှာထားဖြင့် တော်ရုံလျော်ရုံလောက်သာ စကားကိုပြောကာ "စာ သွားဖတ်လိုက်ဦးမယ် နေသာသလို နေကြပါ၊ အားမနာပါနဲ့" ဟု ပြောပြောဆိုဆို ထ၍ ကိုယ့်အခန်းထဲသို့ ကိုယ်ဝင်ရောက်ကာ စာကြည့်မြဲ ကြည့်နေခဲ့ပေ၏။

ဤအကြောင်းများကြောင့် ကျွန်တော့်အား ဆွေမျိုးတစ်သိုက်အကြားတွင် 'ဘုန်းကြီး' ဟူ၍လည်းကောင်း၊ 'အိမ်တွင်းပုန်း' ဟူ၍ လည်းကောင်း၊ 'တေမိ' ဟူ၍လည်းကောင်း ခေါ်ချင်သလိုခေါ်၍ ပြောင်လှောင်သရော်ကြပေ၏။ သို့သော် ကျွန်တော်ကား မဖြုံ။ သူတို့အား မည်သည့်အခါကမှ အရင်းနှီးဆုံးသောသူများအဖြစ် ကျွန်တော့်စိတ်တွင် မအောက်မေ့ခဲ့မိ။ တစ်သက်တွင် ကျွန်တော်နှင့် အဝင်ဆန့်ဆုံး၊ အရင်းနှီးဆုံးသောသူများမှာ ဘီရိုများနှင့် စင်များပေါ်တွင်ရှိသည့် တိတ်ဆိတ်ငြိမ်သက်သော စာအုပ်များပင်ဖြစ်ကြပေ၏။ သူတို့သည် ကျွန်တော့်အား လောကကြီးတစ်ခုလုံး၏ သဘောတရားမျိုးစုံကို အမျိုးမျိုးအဖုံဖုံ ဖွင့်လှစ်ပြသ၍ အာရုံအမျိုးမျိုးပြောင်းလဲခံစား တွေ့ထိစေခဲ့လေပြီဖြစ်ရာ သူတို့နှင့် ပေါင်းဖော်နေထိုင်ရခြင်းသည် အငြိမ်သက်ဆုံးနှင့် အရသာအတွေ့ဆုံး ပေါင်းဖော်နေထိုင်ရခြင်းပင်ဖြစ်ပေ၏။

သို့သော် ဤတိတ်ဆိတ်ငြိမ်သက်စွာ ဖော်ရွေသော မိတ်ဆွေများအကြားသို့ အခြား ကျွန်တော် သဘောကျသူတစ်ဦး ထိုးဖောက်ဝင်ရောက်လာဖို့ရန် အကြောင်းတစ်ခုဖြစ်လာခြင်းမှာ ကျွန်တော်၏ မိခင်နှင့် ဖခင်တို့ စစ်ကိုင်းတောင်ရိုးသို့ ဘုရားဖူးသွားလာရင်း ဥပုသ်ရက်ရှည်စောင့်သုံး

mgyoe.com

mgyoe.com

လိုသည်ဖြစ်၍ ကျွန်တော့်အား အစစအရာရာ ကြည့်ရှုစီမံခန့်ခွဲရန် လုံးဝ တာဝန်လွှဲအပ်ခါ တစ်ခုသော တပေါင်းလတွင် အစေခံ အခြွေရံသင်းပင်း တစ်စုနှင့် ထွက်ခွာသွားကြရာမှ စခဲ့လေ၏။ ကျွန်တော့်အား စောင့်ရှောက် ကြည့်ရှုရန်အတွက် ဒေါ်ကြီးတော်စပ်သော မုဆိုးမတစ်ယောက်နှင့် အစေခံ မကလေး နှစ်ယောက်သာလျှင် ထားခဲ့ကြရာ သူတို့၏ တစ်ခုတည်းသော တာဝန်မှာ အိမ်ကြီးနှင့်ကျွန်တော့်ကို ကြည့်ရှုရန်ဖြစ်လေ၏။ ကျွန်တော် ၏တာဝန်မှာကား မန်နေဂျာလုပ်သူ ကိုသာပွင့်ဆိုသူနှင့် စက်ကြီးကို တိုင်ပင်ကြည့်ရှုစီမံခန့်ခွဲရန်ပင် ဖြစ်ပေ၏။

ကိုသာပွင့်မှာ စက်ဝင်းအတွင်းရှိသော ခြံနှင့် တိုက်ကြီးတွင် နေထိုင် လျက် စက်တစ်ခုလုံးကို သိမ်းခြုံ၍ စောင့်ကြပ်ကြည့်ရှုလုပ်ကိုင်နေသူဖြစ် ရာ ကျွန်တော့်ထက် အဖက်ဖက်တွင် နားလည်ပြီးသူတစ်ဦးဖြစ်၍ ကျွန် တော်လည်း ဘာသိဘာသာပင် နေလိုက်သည်မှာ ရက်အတန်ကြာပင် ဖြစ်လေ၏။

တစ်နေ့တွင်ကား ဒေါ်ကြီးက စက်ကို တစ်ခါတစ်ခေါက်သွားရောက် ကြည့်ရှုသင့်ကြောင်း သူစိမ်းတစ်ရံဆံတို့ မည်သည်မှာ အဘယ်မျှပင် အလုပ်ကိုရိုသေ၍ ရိုးဖြောင့်သည်ဆိုစေကာမူ ကြီးကြပ်သူမရှိပါက ဖောက် ပြန်ဖို့ရန် လွယ်ကူကြောင်းဖြင့် တိုက်တွန်းဖန်များလတ်သည်ဖြစ်၍ တုတ် ကောက်တစ်ချောင်းကိုယူကာ ညနေခင်း လမ်းလျှောက်သည့်သဘောမျိုး ဖြင့် မလျှောက်စဖူးထွက်၍ လျှောက်လာခဲ့လေ၏။

ထိုသို့ ထွက်၍လျှောက်လာခြင်းသည်ပင် ကျွန်တော်၏ အေးချမ်းစွာ စာအုပ်များနှင့် ပျော်ပိုက်နေသောဘဝကို ပြောင်းလွှဲ၍ တစ်မျိုးဖြစ်စေရန် ဖန်တီးဖို့ဖြစ်ကြောင်းကို နောင်မှသိရတော့လေ၏။ ဝမ်းနည်းသလားဟူ ၍မေးလျှင် အနှင်း၏မျက်နှာအမူအရာလေးများကြောင့် ဝမ်းမနည်းပါဟူ ၍ ဖြေရမည်ဖြစ်ပေ၏။ ဝမ်းသာသလောဟု မေးလျှင်လည်း ညှိုးငယ်စွာ

mgyoe.com

 mgyoe.com 

နှင့် ကျွန်တော့်အယုအယ အကိုင်အတွယ်ကို အမြဲမပြတ်စောင့်ငံ့နေသော စာအုပ်ကြီးငယ်များ၏ မျက်နှာကိုမြင်မိကာ အဖြေရကြပ်ကြပ်ပင် ဖြစ်နေမိပေ၏။ သို့သော် အနှင်းနှင့် တွေ့ရခြင်း၏ အကြောင်းကိုပြော၍ မပြီးသေးဖြစ်သောကြောင့် ကျွန်တော့်စိတ်ထဲ၌ ဖြစ်ရသည့် ဝေခွဲမရမှုကို အကျယ်ချဲ့ရန် မသင့်ဟု ထင်မိပေ၏။

စက်ကြီးထဲသို့ ရောက်သောအခါ ကျွန်တော်၏ခြေလှမ်းများမှာ မန်နေဂျာ ကိုသာပွင့်နေထိုင်ရာ အိမ်ကြီးဆီသို့ ဦးတည်၍ နေကြလေ၏။ သို့သော် ထိုအိမ်ကြီးဆီမှာ ဆူညံဆူညံနှင့် မိန်းမကြီးငယ်တစ်စုတို့ မဲ့ကာရွဲ့ကာ ပြောဆိုရေရွတ်ရင်း စီတန်းထွက်လာကြသည်ကို တွေ့မြင်ရသောကြောင့် ခြေလှမ်းကိုရုတ်ခါ သူတို့ကိုလှမ်း၍ အကဲခတ်ကြည့်နေမိရာ မိန်းမများမှာ ကျွန်တော့်ကိုပင် ကောင်းစွာမြင်ပုံမရဘဲ ဒေါသူပုန်ထ၍ ဆိုဆိုဆဲဆဲနှင့် ဖြတ်ကျော်သွားကြလေ၏။ ကျွန်တော်လည်း သူတို့ကို မမေးဝံ့သဖြင့် နောက်ယောင်ခံလိုက်ပြီး ကြည့်ဦးအံ့ဟု အကြံဖြစ်ခါ နောက်မှမယောင်မလည် လိုက်၍လာခဲ့ရာ မိန်းမများမှာ ကိုသာပွင့်ကိုဆဲ၍ မဝသေးသကဲ့သို့ တစ်တစ်ခွခွဆဲပြီးရင်းဆဲရင်းနှင့် ဆဲနေကြသည်ကို နားမဆံ့အောင် ကြားနေရလေ၏။

သူတို့သည် ရေပေးရာစက်ကလေးဆီသို့ သွားနေကြလေ၏။ ရေခံသံပုံးများမှာ ရေပြွန်ဝအောက်နှင့်ဘေးတွင် ပြည့်ကြပ်နေလေ၏။ သံပုံးများအကြားတွင် ရေပြွန်ဝကိုကိုင်လျက် မိန်းမ ခပ်ငယ်ငယ်တစ်ယောက်ရပ်၍ မျှော်နေသည်ကို မြင်ရလေ၏။ ဤတွင်မှ ရေနှင့် ပတ်သက်သော ကိစ္စ ဖြစ်ရမည်ဟု အကဲခတ်မိတော့လေ၏။

"ဘယ့်နှယ့်လဲ" ဟု စောင့်နေသော မိန်းမငယ်ငယ်က လှမ်း၍မေးရာ သူ၏အသံကို ကျွန်တော် ပြတ်သားစွာ ကြားရသည့်အတွက် ပင်လောမပြောတတ် (စောစောက စာအုပ်များကို ဖတ်ရာတွင် အာရုံကြောအားလုံး

mgyoe.com

mgyoe.com

ပင် အလုပ် လုပ်နေကြသည်ဟု ယူဆခဲ့မိသော်လည်း ယခုမှပင် မိမိကိုယ်ထဲ၌ ထိုင်းမှိုင်းလေးလံနေသော အာရုံကြောအချို့တို့သည် မနိုးကြားသေးဘဲ ရှိမှန်းကိုသိရကာ) တစ်ကိုယ်လုံးသို့ ထိုအသံကလေး၏ လှိုင်းများသည် လျင်မြန်စွာ ထွင်းဖောက်စိမ့်ယို၍ ဝင်ရောက်ပြီးလျှင် အာရုံကြောများကို ဒလဟောကြိုးညှိကစားနေသည်ဟု မှတ်ထင်လိုက်ရလေ၏။

"မပြောပါနဲ့အေ၊ မသေခင် ပြိတ္တာဖြစ်မယ့် ခွေးမျိုး၊ ဒီရေကလေးဖွင့်ပေးနေရတာ သင်းပစ္စည်းမို့ နမြောသလား၊ ဖွင့်ပေးလို့ကော သင်းသူဌေးမှာ မွဲသွားမယ်တဲ့လား၊ ခွေးမျိုး တိရစ္ဆာန်မျိုး၊ လာသွားကြမယ်။ ရွာဦးမှာပဲ သွားခပ်ရတော့မှာပဲ ဝေးလိုက်တာလဲ မပြောပါနဲ့တော့၊ ငါတော့ သေသာ သေလိုက်ချင်တာပဲ" ဟု မိန်းမကြီးတစ်ယောက်က ထို၊ ထွမ်နှင့် တံတွေးကို လှိုင်လှိုင်ကြီးထွေးရင်း သံပုံးကိုစောင့်ကာ ကိုင်တွယ်ယူငင်လိုက်သည်နှင့် အခြားမိန်းမများ အားလုံးပင် ကိုယ်စီကိုယ်စီ သံပုံးများကို ကောက်ယူ၍ သွားကြမည်ကဲ့သို့ ပြုနေကြလေ၏။ သူတို့အားလုံးမှာ ကျွန်တော့်ကို မမြင်ကြ။ ကျွန်တော်က သူတို့နောက်မှ လိုက်၍လာသဖြင့် မြင်နိုင်ဖို့ရန်လည်း မရှိ၊ မိန်းမပျိုကလေးသာလျှင် ကျွန်တော့်ကို တည့်တည့်မြင်နေရလေ၏။

မိန်းမပျိုကား သံပုံးကို ကောက်၍မကိုင်သေးဘဲ ကျွန်တော့်ကိုသာ လှမ်း၍ကြည့်ကာ တွေ၍နေသကဲ့သို့ ထင်ရလေ၏။ ထို့နောက် ဖျတ်ခနဲ မိန်းမများ၏အကြားမှ ရုတ်တရက် တိုးထွက်ကာ ကျွန်တော့်ဆီသို့ ဖျတ်လတ်သွက်လက်စွာ လာနေသည်ကို မြင်ရလေ၏။ သူ့အသံကလေး၏ ပဲ့တင်သံသည် ထိုအချိန်သို့တိုင်အောင် ကျွန်တော့်အာရုံကြောများပေါ်သို့ ခေါက်တုံ့ခေါက်ပြန်လျှောက်ကာ ကြိုးညှိနေသေးသကဲ့သို့ ထင်ရလေ၏။

"ရှင်တို့ဟာ ရေကလေးကို ဒါလောက်တောင်ပဲ နမြောတွန့်တိုရသလား၊ ရေပေးလို့ ဒီစက်ကြီးတစ်ခုလုံး ပျက်သွားမှာလား။ ရှင်တို့ခနရှင်

mgyoe.com

mgyoe.com

တွေဟာ ဒီလိုပဲ လူတွေကို ပေးနိုင်တာကလေးလောက်တောင် မပေးဘဲ ညှဉ်းနေကြမှာလား" ဟု ကျွန်တော့်နားသို့မရောက်မိ ဆယ်လှမ်းလောက်ကနေပြီး ဟစ်အော်ရန်တွေ့၍ ပြောလေရာ ကျွန်တော့်ကိုယ်ထဲ၌ စောစောက ကြိုးညှိနေသော အသံကလေးများသည် ယခုအသံနှင့် ရောနှောပေါင်းစပ်လိုက်သောအခါ. . .မရိုမသေပြောသည်မဟုတ်ပါ၊ ကျွန်တော့်အဖို့ရာတွင်. . .ထူးမခြားနား၊ မြမြမောင်းမောင်း အစရှိသည့် သီချင်းကြီးများထက်ပင် အသံစုံ၍ မြိုင်ဆိုင်စွာ တီးမြည်လာသည်ဟု မှတ်ထင်ရင်း ထိုအသံတို့၏ စည်းချက်ဝါးချက်ကို စိတ်ဖြင့်လိုက်၍ စမ်းသပ်ရှာဖွေနေမိလေ၏။ မျက်လုံးများမှာ သူ၏ ဖြူဖွေးသော မျက်နှာကလေးပေါ်၌ နီမြန်းနေသော အသွေးအရောင်တို့၏ အတိမ်အနက်အဆင်ပြေလှပုံကို ကြည့်၍ မဝဘိသကဲ့သို့ ကြည့်နေမိလေ၏။

"ဟဲ့ . . .ဟဲ့ . . . အနှင်း လူမှားမယ်၊ သူမဟုတ်ဘူး" ဟူ၍ ဝိုင်းပြီး မိန်းမကြီးများ အော်ဟစ်တားမြစ်သံကို ကြားရလေ၏။ သူတို့၏အသံတွင် စောစောကကဲ့သို့ ရှန့်ရင်းကြမ်းတမ်းသော အသံများမပါဘဲ စိုးရိမ်သံများ ပါလာသော်လည်း၊ အနှင်းဆိုသူကလေး၏ အသံများကြားထဲတွင် ရေဒီယိုဖွင့်စဉ် လျှပ်စီးဝင်၍ လက်လိုက်သောအခါ အသံများရောထွေးဆူညံသွားသကဲ့သို့ မှတ်ထင်မိရင်း အရသာပျက်သွားခြင်းအတွက် စိတ်ပင် ဆိုးမိလေ၏။

"ဘာမဆို သူများဆီကတော့ အယူချည်းပဲ၊ နေ့ရောညရော အလုပ်သမား ဆင်းရဲသားတွေကတော့ ကိုယ့်မှာရှိ ခွန်အားလေးတွေနဲ့ အကုန်ဝိုင်းဝန်းပြီး ရှင်တို့ရဲ့ အလုပ်ကြီးကို ပူဇော်နေရတယ်။ ရှင်တို့ ခနရှင်တွေဟာ ရှေးက ယဇ်နတ်တွေထက် ပိုပြီး ဆင်းရဲသားရဲ့သွေးကို သောက်နိုင်ကြတာ အံ့စရာပဲ။ ရှေးက ယဇ်နတ်တွေကမှ ရောင့်ရဲချင် ရောင့်ရဲဦးမယ်။ ရှင်တို့ခနရှင်တွေဟာ ရောင့်ရဲမှာ မဟုတ်ဘူး။ သူများဆီကတော့ အယူ

mgyoe.com

mgyoe.com


ချည့်ပဲ၊ လူများကို ပြန်ပေးဖို့ရာကျတော့ သိပ်တွန့်ကြတာပဲ။ ဒီရေကလေးကို နေ့တိုင်းဖွင့်ပေးရလို့ ရှင်တို့မှာ ဘာများ ကုန်ခန်းသွားမှာလဲဟင် . . . ပြောပါလေ။ မပြောနိုင်တော့ဘူးလား" ဟူ၍ ကက်ကက်လန်အောင် ရန်တွေ့ပြောဆိုနေသည့်တိုင် အသံကလေးမှာ စောင်းကြိုးကလေးများကို လက်ခတ်တွင်သာမဟုတ်ဘဲ လေပါ၀င်၍ ရောနှောတီးခတ်လိုက်သောအခါ ပိုမိုတုန်ရီပြီး အသံထွက်လာသကဲ့သို့ တစ်ချိန်ထက်တစ်ချိန် တုန်ရီလျက် ပို၍နားထောင်ကောင်းလာသည်ဟု အောက်မေ့မိလေ၏။

တစ်ဖက်တွင်လည်း သူပြောသောစကား၏ အဓိပ္ပာယ်များသည် ကျွန်တော်၏ အခြားသော အာရုံကြောတို့ကို ပူလောင်ထကြွလာစေလျက် ရှိနေလေ၏။

"ဟဲ့. . .အနှင်း . . . လာ. . .လာ. . .သူမဟုတ်ဘူး" ဟူ၍ မိန်းမကြီးတစ်ယောက်က ပိုမိုအရေးတကြီး လှမ်း၍ဟန့်တားလိုက်ကာ လူကိုယ်တိုင်ပင် လာရောက်ပြီး လက်ကလေးကို ဆွဲကိုင်ခေါ်ငင်နေသည့်တိုင်အောင် အနှင်းမှာ အရှိန်မပြေသေးသကဲ့သို့ . . .

"ဒီစက်ဟာ ရှင်တို့ငွေလောက်ရှိရုံနဲ့ လုပ်လို့ဖြစ်နိုင်မလား၊ အလုပ်သမားတွေရဲ့ လုံ့လမပါရင် ရှင်တို့ငွေတွေဟာ ဘာကိုမှ မဖြစ်စေနိုင်ဘူးဆိုတာ ရှင် နားမလည်ဘူးလား။ အလုပ်သမားတွေ နွားလိုလုပ်ရရင် လူလိုနေနိုင်ထိုင်နိုင်လောက်အောင်တော့ ရှင်တို့လုပ်ပေးဖို့ကောင်းတယ်မဟုတ်လား။ လူဟာ အလုပ်ကိုလည်း နွားလို လုပ်ရတယ်။ နေတော့လည်း နွားလိုနေရတယ်ဆိုရင် ရှင်တို့တရားသလား၊ နွားလိုလုပ်ရဦး၊ လူလိုနေရင် လုပ်ပျော်ဦးမယ် မဟုတ်လား။ ဒီရေကလေးဖွင့်ပေးလိုက်ရင် အလုပ်သမား သားမယားတွေရော၊ အရပ်ရော သက်သာချောင်ချိသွားမယ် မဟုတ်ဘူးလား" ဟူ၍ ဆက်လက်ပြောဆိုရင်း မိန်းမကြီး ဆွဲခေါ်ရာသို့ အားမတန်၍ ပါသွားရှာသည်ကို တွေ့မြင်ရသောအခါ သူ့ကို

mgyoe.com

mgyoe.com


စိတ်မဆိုး၊ မိန်းမ ကြီးကိုပင် စိတ်ဆိုးမိလေ၏။

သို့သော် တစ်စုံတစ်ခုပြုလုပ်ပြောဆိုရန် အချိန်ကျပြီဖြစ်၍ ကျွန်တော်လည်း နောက်ကလိုက်သွားကာ "ဒီမှာ နေပါဦး၊ နေပါဦး" ဟု ပြောရာ မိန်းမကြီးက "အို လူမှားပြီး မောင့်ကိုပြောမိတာ၊ စိတ်မဆိုးပါနဲ့ သူက မောင့်ကို ဒီစက်က မန်နေဂျာအောက်မေ့လို့" ဟု ဆိုဆိုပြောပြောနှင့် ပို၍ ကသောကမျော ဆွဲခေါ်နေသောကြောင့် ကျွန်တော်လည်း သွက်သွက် လိုက်သွားရင်း "ဒီမှာ ခဏနေပါဦး ရေကို ဘယ်သူဖွင့်ပေးနိုင်သလဲ" ဟု မေးလိုက်လေ၏။

ဤတွင်မှ အားလုံးရပ်သွားကာ တွေဝေနေသော အမူအရာဖြင့် "ရေလား၊ စက်ဒရဝမ် ဖွင့်ပေးနိုင်တာပေါ့" ဟု မိန်းမကြီးက ပြန်၍ပြောလေ၏။

မိန်းမပျိုကား ဘာမျှမပြောဘဲ ကျွန်တော့်ကို စူးစိုက်ကြည့်နေလေ၏။ စောစောက ဝင်းဝင်းတောက်မျှ မီးလျှံမီးတောက် ထွက်ရောက်ထိန်လင်းနေသော မျက်လုံးများမှာ၊ ယခု လေမုန်တိုင်းသောင်းကျန်းအားကုန်ပြီးစ ငြိမ်သက်သွားသော အသွင်ကို ဆောင်ယူနေကြလေ၏။

"ဒါဖြင့် ဒရဝမ်ကို သွားခေါ်ချေပါ" ဟု ပြောလိုက်၍ မိန်းမကြီးတစ်ယောက် မယုံတယုံဖြင့် သွားရကောင်းနိုးနိုး၊ မသွားရကောင်းနိုးနိုး၊ ချီတုံချတုံဖြစ်နေသည်ကို သေချာစွာ မကြည့်နိုင်ဘဲ ကြည်လင်ပြာလဲ့သောမျက်လုံးများသည် အဘယ်မျှလောက် နက်ဝှမ်းသည်ကို လှမ်း၍အကဲခတ်နေမိလေ၏။

"သွားပါလေ ခေါ်ချေပါ" ဟု ထပ်မံပြောလိုက်မှ ထိုမိန်းမကြီးလည်း လှည့်၍ထွက်သွားလေ၏။ အခြားမိန်းမများလည်း ကိုယ်ရှိန်သတ်သွားကြလေ၏။

မိန်းမပျိုကား ကျွန်တော့်ကိုသာ စူးစိုက်၍ ကြည့်နေလေ၏။ ကျွန်တော်လည်း မိန်းမပျိုကိုသာ စူးစိုက်၍ ကြည့်နေမိလေ၏။

mgyoe.com

mgyoe.com

"ဒရဝမ် ရောက်ပါပြီ" ဟု ပြောသံကြားမှ "သြော် . . . ဒီမှာ ရေစက်ကို ဖွင့်ပေးလိုက်ပါ။ လူတွေရေလာခပ်ချိန်တိုင်း ခပ်ချိန်တိုင်း ရေစက်ကို ဘာအကြောင်းနဲ့ဖြစ်ဖြစ် ဖွင့်မပေးဘဲ မနေပါနဲ့ ကြားလား" ဟု ပြောလိုက်ရာ ဒရဝမ်အဘိုးကြီးမှာ ကျွန်တော့်ကိုသိသူဖြစ်၍ "ကောင်းပါပြီ" ဟုပြောကာ လှည့်၍ထွက်သွားလေ၏။

မိန်းမအားလုံးပင် ကျွန်တော့်ကို အံ့အားသင့်စွာ လှည့်၍လှည့်၍ ကြည့်ရင်း ရေစက်ဆီသို့ သွားကြလေ၏။ မိန်းမကြီးနှင့် မိန်းမပျိုသာလျှင် ကျွန်တော်နှင့် ရင်ဆိုင်ရပ်၍ ကျန်ရစ်ကြလေ၏။

"ခင်ဗျားနာမည်က အနှင်းတဲ့လား ကျေးဇူးတင်ပါတယ် အခုလိုပြောတာ။ ခင်ဗျားနေတော့ ဘယ်မှာနေသလဲ မိဘကကော ဘယ်သူလဲ"

အနှင်းကား ကျွန်တော့်ကို အားနာဘိသကဲ့သို့ ကြည့်နေသည်ကို တွေ့ရလေ၏။ စောစောက အချို့အချို့သော နေရာတွင်သာ နီမြန်း၍နေကာ ယခုမှ တစ်မျက်နှာလုံးပင် အညီအညွတ်နီမြန်း၍နေသည်ကို မြင်ရလေ၏။ နီထွေးသော နှုတ်ခမ်းကလေးများသည် ညင်သာစွာ ပွင့်အာလာကြပြန်လေ၏။

"ကျွန်မ . . . ခုန ပြောမိတာ လွန်သွားတယ် ထင်ပါတယ်၊ စိတ်မရှိပါနဲ့"

"အိုး . . .အိုး. . .အခုန ပြောထားတဲ့စကားတွေကို ပြန်ပြီးမဖျက်ချင်ပါနဲ့။ အမှန်တွေချည်းပဲ ပြောလိုက်တာ မဟုတ်ဘူးလား။ ဒီတော့ ရှိပါစေ၊ တောင်းပန်စရာလည်း မလိုပါဘူး။ နာမည်ကလေးနဲ့ မိဘသာ သိပါရစေ"

အနှင်းသည် သာ၍ပင် ရှက်ကြောက်သွားဘိသကဲ့သို့ ခေါင်းကလေးငုံ့ကာ စကားမပြောဘဲ နေလေ၏။

"မင်းတန်းက ပန်းချီဆရာကြီး ဦးစံလှသမီးလေ၊ နာမည်က မနှင်းလွင်တဲ့" ဟု မိန်းမကြီးက ကြားကဝင်၍ ပြောလေ၏။

mgyoe.com

mgyoe.com


"ဩော် . . .ဦးစံလှတော့ လူချင်းမတွေ့ပေမယ့် သူဆွဲတဲ့ ကားတွေ မြင်ဖူးပါရဲ့။ ဩော် . . . ဦးစံလှသမီးကိုး၊ ကျွန်တော်က ဒီမြို့ကပေမယ့် ဒီမြို့အကြောင်း သိပ်ပြီးတော့ မသိဘူး"

"နေပါဦး မောင်ရင်က ဘယ်သူလဲ ဒီစက်မှာ ဘာလဲ" ဟု မိန်းမကြီး က သွက်လက်စွာ မေးလေရာ ထိုမေးခွန်းမှာ မိန်းမကြီး၏စိတ်တွင် တစ်ချိန် လုံး မေးချင်နေဟန်တူသော စကားဖြစ်ပုံရလေ၏။

"ကျွန်တော်လား ကျွန်တော်က ဒီစက်ပိုင်ရှင်ရဲ့ သားပါပဲ"

"အို ဒီလိုဆိုရင် အနှင်းပြောတာ သိပ်အားနာစရာကြီးဖြစ်နေပြီ" ဟု မိန်းမကြီးက ပူပူပင်ပင် ပြောရှာလေ၏။

"အားနာစရာ မရှိပါဘူး။ ဒီလိုစကားမျိုးဟာ ကျွန်တော်တို့ အင်မတန် ကြားရခဲဘိခြင်းပဲ။ ကျွန်တော် ထပ်ပြီးတော့တောင် ကြားချင်ပါသေး တယ်။ ပြောမယ့်လူက ပြောမယ်ဆိုရင် . . ."

အနှင်းမှာ သာ၍အနေခက်သကဲ့သို့ ဖြစ်နေလေ၏။ ကျွန်တော့်ဘက် သို့ မကြည့်တော့ဘဲ ရေစက်၌ ရေခံနေကြသော အဖော်မိန်းမများဆီသို့ သာ လှမ်း၍ကြည့်နေသည်ကို တွေ့ရလေ၏။ ဤတွင် သူ့ထံမှ စကား ထပ်မံထွက်တော့မည် မဟုတ်သည့်အပြင် ဆိုင်း၍ထားလျှင် သက်သက် နှိပ်စက်ရာ ရောက်နေတော့မည်ဖြစ်သောကြောင့် . . .

"ကဲ . . . ကဲ သွားချင် သွားပါတော့။ အခုမပြောနိုင်သေးရင် နောက် ပြောနိုင်အောင် ကျွန်တော်ဖိတ်မန္တက ပြုပါတယ်။ အဒေါ်က ဘယ်ကလဲ။ ကျွန်တော်ဖိတ်တာကို သူလက်မခံရင် အဒေါ်က လက်ခံအောင် ဖိတ်ပေး ပါ။ နာမည်လည်း ပြောခဲ့ပါဦး"

"အဒေါ်ကလဲ ဒီမင်းလမ်းကပါပဲ၊ ဒေါ်မွေးအုံဆိုရင် လူတိုင်းသိပါ တယ်"

"ကဲ. . . ကဲ . . . ကြွကြပါ၊ ကြွကြပါ။ အခုလို တွေ့ရကြားရတာ

mgyoe.com

mgyoe.com


အင်မတန်ပဲ ဝမ်းသာပါတယ်" ဟု ပြောဆိုခွင့်လွှတ်လိုက်မှ နှစ်ယောက်သား ကျွန်တော့်ကို ကျောပေးပြီး ဖြည်းညင်းစွာ ထွက်ခွာသွားကြလေ၏။ ကျွန်တော်လည်း အတန်ကြာကြည့်နေပြီးမှ ရိုင်းလွန်းရာ ကျမည်စိုးသောကြောင့် မလှည့်ချင်လှည့်ချင်နှင့် လှည့်၍ထွက်ခဲ့ရလေ၏။

× × ×

ထို့နောက်တွင် ကျွန်တော်၏ ညနေတိုင်းလမ်းလျှောက်သော နယ်ပယ်သည် မင်းလမ်းဖြစ်လာလေ၏။ တစ်လမျှကြာသောအခါ ထိုနေရာသို့ လမ်းလျှောက်ရန် မလိုတော့သည်ကို တွေ့ရလေ၏။ အဘယ်ကြောင့်ဆိုသော် အနှင်းကလေးမှာ ကျွန်တော်၏ ဇနီးကလေးအဖြစ်သို့ ရောက်လာပြီဖြစ်သောကြောင့် ဖြစ်လေ၏။

အနှင်းကို ကျွန်တော့်ဇနီးအဖြစ် ယူချင်သောစိတ်မှာ စက်ထဲ၌ ရဲရဲတောက် ရန်တွေ့ပြောဆိုသော စကားများကိုကြားရာက ဖြစ်ပေါ်ခဲ့လေ၏။ တစ်ဖန် အနှင်းကို ကျွန်တော့်ဇနီးအဖြစ်သို့ အမြန်ဆုံးရောက်စေသော အခြင်းအရာမှာ အခြားမဟုတ်။ ကျွန်တော့်၏ အချစ်အပြင် တစ်ညနေ နှစ်ယောက်သား စကားပြောနေခိုက် ကျွန်တော်က –

"နေပါဦး အနှင်း၊ ဟိုညနေက အနှင်း ကိုသက်ဖေကို ဓနရှင်ဝါဒ တရားဟောတော့ ကိုသက်ဖေ ဘယ်သူဘယ်ဝါမှန်းသိသလား၊ ဟို ကိုသာပွင့်ပဲ မှတ်လို့လား" ဟု မေးရာ၌ . . .

"ကိုသာပွင့် မမှတ်ပါဘူး ကိုသက်ကို အနှင်းအသိသားပဲ။ လူကို ကိုယ်တိုင် တစ်ခါမှမမြင်ဖူးပေမယ့် မလှခင်တို့၊ မလှရင်တို့အိမ်မှာ ကိုသက်ရဲ့ ဓာတ်ပုံအကြီးကြီး ဆွဲချိတ်ထားတာ အနှင်းသွားတိုင်း မြင်နေရလို့ မလှခင်တို့ ဆွေမျိုးစက်သူဌေးသား ကိုသက်ဖေဆိုတာ သိနေပါတယ်" ဟု အနှင်းက မနှောင့်မနှေး ဖြေလိုက်ရာ ကျွန်တော့်မှာ စောစောက ထင်

mgyoe.com

mgyoe.com

ထားသည့်အတိုင်း မဟုတ်ဖြစ်နေ၍ အံ့သြသွားသည့်အတိုင်း . . .

"အို: . . . ဒါဖြင့် သိသိနဲ့ ဖြောင်ကိုပြောတာပေါ့" ဟု မေးမိလေ၏။

"ဟုတ်တယ်၊ အနင်းတော့ သိလို့ကိုပဲ ဖြောင်ပြောတာပဲ၊ ပြောပြီးမှတော့ သိပ်အားနာသွားတယ်"

ဤကဲ့သို့ အနင်း၏ ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်းထားအပ်သော စိတ်ဓာတ်ကို ကြည်ညိုမိခြင်းကြောင့် ကျွန်တော့်မိဘများအပြန်ကိုမစောင့်ဘဲ မြန်မြန်ထက်ထက် တောင်းရမ်းကာ သိမ်းပိုက်လိုက်ရခြင်းဖြစ်ပေ၏။ ဤကဲ့သို့ သိမ်းပိုက်လိုက်ခြင်းကြောင့် စက်ကြီးထဲတွင် ယခင်က တစ်ခါဖူးမျှ မကြုံစဖူးဟု ပြောကြသော သီချင်းသံများ တကြော်ကြော်ဖြင့် ရွှင်ရွှင်ပျော်ပျော် အလုပ်လုပ်နေသော အလုပ်သမားများကို မြင်တွေ့ရလေရာ ဤကဲ့သို့ ကျွန်တော်ကအစ အားလုံးကောင်းဖို့ ဖြစ်လာရခြင်းသည် ယခုရေစက်ကြောင့်ဟု ကျွန်တော်ယူဆမိပေ၏။ ဆရာတော်ကသာ ကျွန်တော်တို့နှစ်ယောက် ရေးက မသိမကျွမ်း မမြင်မတွေ့ဖူးဘဲလျက် မြန်မြန်ထက်ထက် လက်ထပ်လိုက်သည့်အခြေသို့ ရောက်ခဲ့ခြင်းမှာ ရေးကရေစက်ကြောင့်ဟု အဆုံးအဖြတ်ပေးလျက်ရှိရာ ဤမျှရှည်လျားဝေးလံသော အကျိုးဆက်ကို ကျွန်တော် လက်မခံလိုသော် ကျွန်တော်၏ အပြစ်ဟု ဆိုကြတော့မည်လော။

ဂျာနယ်ကျော် တွဲ–၁၊ အမှတ်(၁)၊
၁၈ ဩဂုတ်၊ ၁၉၄၅။

❑

mgyoe.com

mgyoe.com

# စုံထောက်အောင်ဘု၏ အမှုများ

ဆရာမ အတန်းကို အအားပေးချိန်တွင်
ထိုင်နေရင်း စုံစမ်းချက်များ

mgyoe.com

mgyoe.com

ကျွန်တော်ကား မြို့ပေါ်ရှိ လူတကာက အဘယ်မျှပင် ရူးသည် ပေါသည်ဟူ၍ ပြောဆိုခြင်းခံရစေကာမူ လူတော်တစ်ယောက်ဖြစ်ကြောင်း ကျွန်တော်သာလျှင် ကောင်းစွာသိပေ၏။ ကျွန်တော်မှလွဲ၍ ကျွန်တော်၏ အရည်အချင်းကို အတန်ငယ် အကဲခတ်မိသူတစ်ဦးတည်းသာရှိရာ ထိုသူမှာ ကျွန်တော်နှင့် ကျောင်းနေဘက်သူငယ်ချင်း ယခု အိမ်ထိုင်အိမ်စား လုပ်နေသူ ကိုရှိန်းမောင်ပင်ဖြစ်ပေ၏။ ကိုရှိန်းမောင်ပင်လည်း ကျွန်တော်နှင့် တစ်ခါတစ်ရံတွဲ၍ ကျွန်တော် ဝါသနာပါသည့်အလုပ်တွင် လိုက်ပါမိခြင်းကြောင့် အရူးဟူ၍လည်းကောင်း၊ အပေါဟူ၍လည်းကောင်း ခေါ်ဝေါ်ခြင်းခံခဲ့ရရာ ကိုရှိန်းမောင်သာ ကျွန်တော့်အပေါ်တွင် ကြီးမားသော မေတ္တာကို မထားခဲ့လျှင်ဖြစ်စေ၊ ကျွန်တော်၏ အရည်အချင်းကို ယုံမှားသင်္ကာ ရှိခဲ့လျှင်ဖြစ်စေ ကျွန်တော့်မှာ တစ်ယောက်ထီးတည်းသာလျှင် ကျွန်တော့်ဝါသနာအလျောက် သွားလာလုပ်ကိုင်နေရဖို့ ရှိပေ၏။

ကျွန်တော်၏ဝါသနာကား အလွန်ပင် ပြင်းပြခဲ့ပေ၏။ ဝါသနာ၏ ဒဏ်ကိုလည်း အခါခါအတန်တန် ပြင်းပြင်းထန်ထန် ခံစားခဲ့ရပေ၏။ သို့သော် ထိုသို့ခံစားရလေလေ ကျွန်တော်၏ဝါသနာမှာ တိုးတက်အခြေအမြစ်တွယ်ကာ ခိုင်မာကြီးထွားလာခဲ့လေလေ ဖြစ်ပေ၏။

ကျောင်းသားဘဝကလည်း ဤဝါသနာကြောင့်ပင် ဆရာမ၏ အရိုက်

mgyoe.com

ကိုလည်းကောင်း၊ ဆရာများ၏ အငြိုအငြင်ကို လည်းကောင်း၊ ကျောင်းသူတို့၏ အမုန်းကိုလည်းကောင်း၊ ကျောင်းသားတို့၏ အလှောင်အပြောင်ကိုလည်းကောင်း၊ တစ်ရံမပြတ် ခံယူခဲ့ရပေ၏။ ထိုင်ခုံပေါ်တွင် နာရီပေါင်းများစွာ မတ်တတ်ရပ်လျက်လည်း နေခဲ့ရပေ၏။ သို့သော် ဆုတ်နစ်ခြင်းမရှိဘဲ ကျွန်တော်၏ ဝါသနာအတိုင်းသာလျှင် ကြိုးစားလိုက်စား လေ့လာခဲ့ရာ ယခုအခါတွင် ပြည်သူအများ ဖတ်ကြားဖူးကြသော နာမည်ကျော်စုံထောက်ကြီး ဦးစံရှားကဲ့သို့ပင် ကျွန်တော့်မှာ ပညာရင့်သန်ထက်မြက်ပေါက်ရောက်လာခဲ့ပေပြီ။ ထိုရင့်သန်ထက်မြက်သောပညာကို အသုံးချရာတွင် မြို့ပေါ်ရှိ လူတကာက ကျွန်တော့်အား အရူးအပေါဟူ၍ အဘယ်မျှပင် ပြောကြားစေကာမူ ကျွန်တော် တော်ကြောင်းကို ကျွန်တော်သာလျှင်ကောင်းစွာသိပေ၏။ ကျွန်တော်မှလွဲ၍ ကျွန်တော်၏ အရည်အချင်းကိုအတန်ငယ် အကဲခတ်မိသူတစ်ဦးတည်းသာရှိရာ ထိုသူမှာလည်း အထက်ကဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း ကျွန်တော့်မိတ်ဆွေကြီး ကိုရှိန်းမောင်ပင်ဖြစ်ခဲ့ချေ၏။

စုံထောက်ကြီး ဦးစံရှားသည် တစ်စုံတစ်ရာ ခက်ခဲသော အရှုပ်အထွေးတစ်ခုနှင့် ရင်ဆိုင်တွေ့ရှိရသည့်အခါ အတန်ကြာစကားမပြောဘဲ ဆေးတံကြီးကို ကိုက်ခဲ၍ စဉ်းစားနေတတ်သည်ဟု ဖတ်ရသောကြောင့် ကျွန်တော့်မှာ နဂိုက ဆေးလိပ်၏အနံ့ကို အနည်းငယ်သော်မျှ မခံမရပ်နိုင်သူတစ်ဦးဖြစ်သော်လည်း စုံထောက်ကြီးများ၏ ထုံးတမ်းတံထွာ အစဉ်အလာရှိသည့် ဆေးတံကိုက်ခဲမှုကို လပေါင်းများစွာ ခိုးကြောင်ခိုးဝှက် လေ့ကျင့်ခဲ့ရပေ၏။ ထိုသို့လေ့ကျင့်ရာတွင် ပထမက အလွန်အကြူး အထူးပင်မူးဝေခြင်း၊ အော့အန်ခြင်း၊ ခေါင်းကိုက်ခဲခြင်း၊ ဇက်လေးခြင်း၊ မစားချင်မသောက်ချင်ခြင်းတည်းဟူသော ဝေဒနာများကို အပြင်းအထန် ခံစားခဲ့ရရာ အိမ်တွင်ဖြစ်ဘိမူ အလွန်ပင် ဟန်ပျက်လှသည့်အတွက် ကျွန်တော်

mgyoe.com

 mgyoe.com


၏ မိတ်ဆွေကြီး ကိုရှိန်းမောင်၏ နေအိမ်သို့ နေကုန်နေခန်း သွားရောက်ဝေဒနာ ခံစားခဲ့ရပေ၏။ တစ်ခါတစ်ရံလည်း ဆေးတံကို ခိုင်မြဲစွာ အားပါးတရခဲ၍ ထားနိုင်သော ဟန်အမူအရာမျိုးကို မရသေးသဖြင့် ဆေးတံအလွတ်တစ်ချောင်းကို တိတ်တဆိတ် ဝယ်ယူ၍ဆေးမထည့်ဘဲ ကိုယ့်အိမ်မှာပင် ခဲ၍ကြည့်ရာ ကျွန်တော်အိမ်သာသွားလျှင် ယခင်ကထက် ပို၍ကြာကြောင်းလောက်သာ အိမ်သူအိမ်သားများက ပြောဆိုသိရှိကြလျက်အကြောင်းမှန်ကိုမူကား မည်သူမျှ မရိပ်မိ မသိရှိဘဲ ဖြစ်ခဲ့ကြချေ၏။

ယခုမူကား အရွယ်သို့ ရောက်နေပြီကလည်း တစ်ကြောင်း၊ ကျွန်တော်၏ အစ်ကိုကြီးနှင့် အစ်မမှလွဲ၍ အမိအဖ နှစ်ပါးမှာ လူအေးများဖြစ်ကြသည်လည်းတစ်ကြောင်းကြောင့် ဆေးတံကို ပေါ်ပေါ်ထင်ထင်ကြီးခဲလျက် စုံထောက်ဟန် အမူအရာပါပါနှင့် ထည်ထည်ဝါဝါပင် နေနိုင်ခဲ့လေပြီ။

စုံထောက်ကြီး ဦးစံရှားတွင် မိတ်ဆွေဟူ၍ ကိုသိန်းမောင်တစ်ယောက်စုံထောက်ကြီး ဦးကျော်ဇောတွင် ကိုငွေအိုးတစ်ယောက်ရှိသကဲ့သို့ ကျွန်တော့်မှာလည်း ကိုရှိန်းမောင်တစ်ယောက်ကို မရမက အတင်းဆွဲ၍ ထားသဖြင့် ကိုရှိန်းမောင်မှာလည်း မလွတ်သာ မရုန်းသာဘဲ ကျွန်တော်သွားရာ စူးစမ်းစုံထောက်ရာတွင် လိုက်ပါနေခဲ့ပေ၏။

တစ်ခါတစ်ရံ၌မူ ရပ်ထဲရွာထဲက ကျွန်တော့်ကိုလည်းကောင်း၊ ကိုရှိန်းမောင်ကို လည်းကောင်း၊ အရူးအပေါဟူ၍ ခေါ်ဝေါ်လှောင်ပြောင်ဖန်များလတ်သောအခါ ကိုရှိန်းမောင်မှာ နဂိုကပင် အလွန်ရှက်တတ်သောသူ တစ်ဦးဖြစ်ချေသောကြောင့် ကျွန်တော်ခေါ်ရာသွားရာသို့ မလိုက်လိုတော့ဟု ငြင်းဆန်တတ်ချေ၏။ သို့သော် ကျွန်တော်၏ အရည်အချင်းထက်မြက်ခြင်းကို ကြိမ်ဖန်များစွာ မြင်တွေ့ရသည့်အခါ၌မူ ကျွန်တော်သည် သာမန်လူတစ်ယောက်မဟုတ်ကြောင်း ရိပ်မိသိရှိလာလျက်

mgyoe.com

ကျွန်တော် ခေါ်ပြီဆိုလျှင် တစ်ခါက နှစ်ခါ မခေါ်ရဘဲ မညည်းမညူ မငြင်း မဆန့်ဘဲ လိုက်ပါလာတတ်ပြီဖြစ်ပေ၏။

ကျွန်တော့်အဖို့တွင် ဦးစံရှားကဲ့သို့ ပြည့်ဝသော အရည်အချင်းရှိခဲ့ ပြီဖြစ်သော်လည်း ကိုရှိန်းမောင်မှာ ကိုသိန်းမောင်ကဲ့သို့ ရင့်သန်ခြင်းမရှိ သေးသောကြောင့် ကျွန်တော်၏ အမှုမှတ်တမ်းများကို ယခု ကျွန်တော် ကိုယ်တိုင် ရေးသားနေရခြင်းဖြစ်ပေ၏။ သို့သော် ဆရာဝန်ကိုသိန်းမောင် သည် စုံထောက်ကြီး ဦးစံရှားအတွက် မည်သည့်ဌာနက မည်သို့ဆောင် ရွက်လုပ်ကိုင်ပေးသည်။ ကမ္ဘာကျော် စုံထောက်ကြီး မစ္စတာရှားလော့ဟုမ်း သည် သူငယ်ချင်း ဆရာဝန်ဒေါက်တာဝပ်ဆင်နှင့်တွဲ၍ အဘယ်မျှ ဆောင် ရွက်ခဲ့သည် စသည်တို့ကို ပြောကြားပြသဖန်များသဖြင့် ကိုရှိန်းမောင်က တစ်နေ့နေ့တွင် ကျွန်တော့်၏အမှုများအကြောင်းကို သူရေးတတ်ရန် ကြိုး စားပါမည်။ ဆရာဝန်အတတ်သင်ရန်မှာမူ နှစ်ပရိစ္ဆေဒကြာလွန်းလှသဖြင့် မြန်မာ့ဆေးကျမ်း၊ ဓာတ်ကျမ်းတို့ကို ဘုန်းကြီးထံ သွားရောက်မေးစမ်း လေ့လာပါမည်ဟူ၍ ပဋိညာဉ်ပေးကာ အကယ်ပင် သဲသဲမဲမဲလေ့လာ ကြိုးစားနေပြီဖြစ်သောကြောင့် တစ်နေ့နေ့တွင် ဦးစံရှား၏ မှတ်တမ်းများကို ကိုသိန်းမောင် ရေးသကဲ့သို့ ကျွန်တော်၏ အမှုမှတ်တမ်းများကိုလည်း ကိုရှိန်းမောင်ပင်လျှင် ရေးသားခြင်း ပြုနိုင်ပေလိမ့်မည်။ ယခုသော် ကို ရှိန်းမောင် မရေးနိုင်သောကြောင့် ကျွန်တော်ကိုယ်တိုင်ပင် ကြံ၍နေရခြင်း ဖြစ်ပေသတည်း။

× × ×

ကျွန်တော် ပထမဆုံး လိုက်လံစုံထောက်သဖြင့် ပေါ်သွားသောအမှု မှာ ကျွန်တော်၏ အစ်မ မညို မြို့စွန်က မုန့်သည်မသား မောင်ထွန်းနှင့် ရည်းစားထားပြီး အိမ်ကပစ္စည်းများကို ခိုးခိုးပေးသောအမှုပင်ဖြစ်ပေ၏။

mgyoe.com

mgyoe.com

သို့သော် ကျွန်တော်၏ နာမည် ပထမထွက်လာသောအမှုမှာကား ကျွန်တော်တို့အတန်းက ဆရာမ ရည်းစားစာရေးမှုပင် ဖြစ်ပေ၏။

မုန့်သည်မသား မောင်ထွန်းသည် ကျွန်တော်နေသော ကျောင်းတွင် ၁၀ တန်း၌ ပညာသင်ကြားလျက်ရှိရာ ကျွန်တော်တို့ ခြောက်တန်းသားများကို တစ်စုံတစ်ရာ အဖက်လုပ်ရန် ဘာမျှမရှိသော်လည်း ကျွန်တော့်အား အလွန်ခင်မင်ယုယ ဂရုစိုက်သောဟန်အမူအရာကို နေရာတကာ၌ ပြနေသဖြင့် ကျွန်တော့်စိတ်တွင် ပထမဆုံးပေါ်ပေါက်လာသောအတွေးမှာ သူ ငါ့အစ်မကိုများ ကြိုက်နေလို့လားဟူသော အတွေးပင်ဖြစ်ကာ ၎င်း၏ အယုအယကို များစွာမခံဘဲ ခပ်လွှဲလွှဲ ခပ်ရှောင်ရှောင်လုပ်ပြီး အကဲခတ်၍ နေမိလေ၏။

ထိုသို့ အကဲခတ်သည့်အခါတွင် ပထမက အိမ်နားတွင် မောင်ထွန်း မယောင်မလည် ရစ်သီရစ်သီ လုပ်နေသည်ကိုသာ တွေ့ရလျက် ကျွန်တော့်အစ်မ မည်သို့တွင်ကား တစ်စုံတစ်ရာ ထူးခြားသောအမူအရာ မပြသဘဲ ရှိသည့်အတွက် ကျွန်တော်လည်း ထိုအမှုကို ဆက်လက်စုံစမ်းရန် စိတ်ပါဝင်စားခြင်းမရှိတော့ဘဲ လက်လွှတ်လိုက်ပြီးလျှင် အခြားအမှုများကို လိုက်၍ရှာခဲ့ရပေ၏။

ထိုနေ့က ကျွန်တော်တို့ အတန်းမှာ ဆရာမသည် ကျောင်းသားများအား စာသင်လိုစိတ်ပြင်းပြသောဆန္ဒမရှိဘဲသကဲ့သို့ ဂဏန်းပုစ္ဆာများကို တွက်ရန် မှာကြားပြီးလျှင် စားပွဲ၌ထိုင်လျက် စာတစ်စောင်ကို ဖတ်၍နေလေ၏။

အတန်းသားများမှာ ဆရာမ၌ တစ်စုံတစ်ရာ ထူးခြားခြင်းကို တွေ့မိကြဟန်မတူသော်လည်း ကျွန်တော့်မှာမူ တစ်နေ့တွင် စုံထောက်ကြီးတစ်ယောက်ဖြစ်ရမည်ဟူသော ရည်ရွယ်ချက်ဖြင့် စုံထောက်ဝတ္ထုဟူသမျှကို အားပါးတရ ရှာဖွေဖတ်ရှု မှတ်သားထားသူဖြစ်ရကား ဆရာမ၏

mgyoe.com

mgyoe.com


ထူးခြားခြင်းကို လွယ်လင့်တကူ သိမြင်ခဲ့လေ၏။

ကျွန်တော် အကဲခတ်နေသည်ကို မရိပ်မိရှာသော ဆရာမသည် အလွန်ချောမွတ်သော စာရေးစက္ကူအပြာကဒ်ကို ထုတ်ပြီးလျှင် စာရေးမည်ပြုလေ၏။ သို့သော် စာတစ်လုံး နှစ်လုံးသာ ရေးနိုင်လျက် စာေစာက စာကို ထပ်မံဖတ်ရှုပြီးလျှင် ပြုံးစနဲ့နဲ့ လုပ်နေသည်ကို တွေ့ရသည့်အခါ ဆရာမ မည်သို့ဖြစ်နေသည်ကို ကျွန်တော်၏ စုံထောက်ဉာဏ်သည် အကုန်ဖွင့်လှစ်ပြသလိုက်ရကား ကျွန်တော်လည်း မဆိုင်းမတွ စားပွဲဆီသို့ ကျွန်တော့်ဂဏန်းစာအုပ်ကိုင်ကာ ထလာခဲ့လေ၏။

"ဆရာမ ဆရာမ ရည်းစားစာကို နောက်မှရေးပါ။ ကျွန်တော့်ကို ပထမ ဂဏန်းတွက်ပေးပါဦး" ဟု ပြောလိုက်သည့်အခါ ဆရာမ၏ မျက်နှာမှာ ပျက်သွားလေ၏။ ဤတွင် ကျွန်တော့်အတွေး မှန်ပြီကိုသိရ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိလေ၏။ သို့သော် ဆရာမသည် ရုတ်တရက် မျက်နှာအမူအရာကို ပြောင်းလွှဲလိုက်ပြီးလျှင် "ဘာစကားပြောသလဲ မောင်အောင်ဘု မင်းဒဏ်ခံ ထိချင်သလား၊ သွား . . . အခု ထွက်သွားလိုက်" ဟု အော်ငေါက်လိုက်သဖြင့် ဝမ်းသာစိတ်များ ချက်ချင်းပင် လွင့်ပါးပျောက်ပျက်ကုန်လေ၏။

သို့သော် ကျွန်တော်၏ စုံထောက်ဉာဏ် ရင့်သန်ခြင်းကို အစွမ်းပြလိုသေးရကား "မဟုတ်ပါဘူးဆရာမ ကျွန်တော် အကောင်းပြောတာပါ။ ဆရာမစာက ညနေ ကျောင်းပြန်ကျမှ ပေးလိုက်ရမှာပါ။ ကျွန်တော်က အခုမသိလို့ တွက်ပေးပါ ပြောတာပါ" ဟု ထပ်၍ လောလိုက်သည့်အခါ၌သော်ကား ဆရာမမှာ ဒေါသအမျက် ချောင်းချောင်းထွက်လျက် အနီးရှိ ကြိမ်လုံးဖြင့် ရွှမ်းကနဲနေအောင် တစ်ချက်ဆော်လိုက်ပြီးလျှင် "တော် . . . အောင်ဘု မင်းဆရာမကို သက်သက် စော်ကားတယ်၊ ဆရာမ မခံနိုင်ဘူး၊ ဆရာကြီးကို တိုင်ရမယ်" ဟု ပြောလေ၏။

mgyoe.com

mgyoe.com


"ဆရာမ တကယ်မတိုင်ရဲပါဘူး ကျွန်တော်သိပါတယ်" ဟု ပြောသော အခါတွင်ကား "ဟော့...အောင်ဘ မင်းစားပွဲခုံပေါ်မှာ မတ်တတ်ရပ်နေလိုက်စမ်း ဆရာမပြောတာ မကြားဖူးလား" ဟု အတင်းအော်ငေါက်လိုက်သဖြင့် ကျွန်တော့်မှာ တစ်စုံတစ်ရာ ဆက်လက်မပြောဝံ့တော့ဘဲ ခုံပေါ်တွင်တက်၍ မတ်တတ်ရပ်နေရလေ၏။

စိတ်ထဲတွင်ကား အနည်းငယ်မျှ မကျေနပ်။ ကျွန်တော်ပြောသော စကားသည် မဟုတ်မမှန်၍ အပြစ်ပေးလျှင်ကား ခံနိုင်သော်လည်း ယခုကဲ့သို့ ဟုတ်မှန်ပါလျက် အပြစ်ခံရခြင်းမှာ ဆရာနှင့်တပည့်ဖြစ်၍သာ ခံရခြင်းဖြစ်လေ၏။ ဆရာမလည်း စာကိုဆက်လက်ရေးသားခြင်းမပြုတော့ဘဲ အခြားကျောင်းသားများကိုပါ ရောနှောမောင်းမဲလျက် နေတော့လေ၏။

နေ့လယ် ကျောင်းဆင်း၍ ကျောင်းပြန်တက်ခါနီးအချိန်တွင် ကျောင်းသားများ စုရုံးလာရောက်ကာ "ဟော့ ဆရာမ ရေးတာ ရည်းစားစာလို့ မင်း ဘယ့်နှယ်သိသလဲ" ဟု မေးကြရာ . . .

"ငါ သိတာပေါ့ကွ၊ ငါ့ စုံထောက်ဉာဏ်နဲ့ ကြည့်လို့သိတာပေါ့"

"အံမယ် တယ်ကြီးကျယ်တဲ့ အကောင်ပဲ၊ ပြောစမ်းပါဦး၊ မင်း ဘယ်လိုသိတယ်ဆိုတာ"

"ဒီလိုကွ ငါက လူတစ်ဦးတစ်ယောက်ရဲ့ အရိပ်အကဲကို အင်မတန်ခတ်တာကွ။ ဒီတော့ ဘာမြင်သလဲ ဆရာမဟာ ခါတိုင်း အတန်းထဲဝင်လာတယ်ဆိုရင် တစ်ခါတည်း မရပ်မနားစာသင်တာပဲကွ။ ဂဏန်းသင်တာ ကြာပြီ ဘယ်တုန်းကမှ အတန်းထဲမှာ အတွက်မခိုင်းခဲ့ဘူးကွ။ ဒီနေ့တော့ မင်းတို့ဘာသာ တွက်ကြလို့ ခိုင်းတယ်။ ဒါဘာသဘောလဲ သူ့အအားယူချင်လို့ မဟုတ်ဘူးလား၊ ကောင်းပြီ၊ အအားယူတာ ဘာလုပ်ချင်လို့လဲဆိုတော့ ကြည့်ရမယ် မဟုတ်လား။ အေး ကြည့်လိုက်တော့ ဘာမြင်ရသလဲ။ စာတစ်စောင်ကို ဖတ်ပြီးရင်း ဖတ်ရင်း လုပ်နေတာ တွေ့ရ

mgyoe.com

တာကိုးကွ။ တကယ်လို့ ရိုးရိုးတန်းတန်းစာဖြစ်ရင် တစ်ခေါက်နှစ်ခေါက်ထက် ပိုပြီးမဖတ်ရဘူးကွ။ ပြီးတော့ စာကလည်း တစ်ရွက်နှစ်ရွက်မဟုတ်ဘဲ စာရွက်တော်တော်များတယ်။ ပြီး ရိုးရိုးစက္ကူအဖြူမဟုတ်ဘဲ ပြာလဲ့လဲ့ကလေးကွ။ ဒီတော့ ဒါဟာ ဘာစာဖြစ်ရမလဲ။ ဆရာမဟာ အပျို၊ ချောလည်း ချောတယ်၊ အဲဒီတော့ ရည်းစားစာပဲ ဖြစ်ရမယ်မဟုတ်ဘူးလား။ နို့ပြီး ဒီစာရွက်ကို ဖြန့်ကာမှ ရေမွှေးနံ့ကလေး ထွက်လာသေးတယ်ကွ။ ဆရာမကလည်း ခါတိုင်း စာရေးချင်ရင် စက္ကူကတ်အဖြူနဲ့ပဲ ရေးတယ်။ အခုတော့ စက္ကူပြာလဲ့လဲ့ကလေး ထုတ်ရေးတယ်ဆိုတော့ ရည်းစားစာအပြင် တခြားစာ မဖြစ်နိုင်ဘူးပေါ့ကွ"

"အေး ဒါကတော့ ဟုတ်ပါပြီ၊ ညနေ ကျောင်းပြန်ကျမှ ပေးပါလို့ဆိုတာကတော့ မင်းဟာက တယ်သေချာလွန်းလှပါလား"

"ဒါက ဒီလိုကွ၊ ဆရာမ ရည်းစားစာပြန်ရေးချင်လို့ တို့ကိုအလုပ်ပေးတယ်ဆိုတာ ငါက ပထမ မသိဘူးကွ။ သူ့အနားကပ်သွားတော့မှ စာအိတ်အပြာတစ်လုံးပါ တွေ့ရတာကိုး။ စာအိတ်က လိပ်စာတပ်တဲ့ဘက်က မဟုတ်ဘဲ ကော်ကပ်တဲ့ဘက်ကဖြစ်နေတော့ စာတိုက်ကလာမလာ ဒိဠ မသိနိုင်တော့ဘူးပေါ့ကွ။ နို့ပေမယ့် စာအိတ်က သစ်သစ်လွင်လွင်ကြီး ဖြစ်နေတော့ ဧကန္တ စာတိုက်ကလာတာ မဟုတ်ဘူးလို့ သိရတာပေါ့ကွဲ့။ ပြီး တို့ကျောင်းကို စာတိုက်က စာတွေဟာ ၈ နာရီခွဲက ရောက်နေတယ် မဟုတ်လား။ ဆရာမက မနက် ၉ နာရီမှ ရောက်လာတယ်။ စာတိုက်က စာဖြစ်ရင် ဘယ်နည်းနဲ့မဆို ၉ နာရီနဲ့ ၁၀ နာရီကြားမှာ သူတစ်ခါတော့ ဖွင့်ဖတ်မိမှာပဲကွ။ ဖတ်တာ မမြင်ရဘူး။ ဖတ်ရင်လည်း တစ်ခုခု ထူးခြား ရမှာပဲကွ၊ ထူးခြားတာ မမြင်ခဲ့ရဘူး။ ဆရာမ ၉ နာရီထိုးလို့ ရောက်လာ စကတည်းက စာစီစာကုံးတွေ လက်မှတ်ထိုးဖို့ ငါသွားပြီး တစ်အုပ်ပြီး တစ်အုပ် တင်ပြနေခဲ့တာ ၉ နာရီ မိနစ် ၅၀ ထိ ရောက်သွား

mgyoe.com

mgyoe.com


ရောကွ။ ဒီတော့ ဒီစာဟာ ၉ နာရီ မိနစ် ၅၀ နဲ့ ကျောင်းတက်ချိန် ၁၀ နာရီကြားမှာ ရောက်တဲ့စာဖြစ်ရမယ်ကွ။ ဒါဖြင့် ဘယ်နည်းနဲ့ရောက်နိုင်သလဲ။ အဲဒီ ၁၀ မိနစ်အတွင်းမှာ ရောက်လာတဲ့ ကျောင်းသား သို့မဟုတ် ကျောင်းသူ တစ်ယောက်ယောက်နဲ့သာ ရောက်နိုင်မကွဲ့။ နောက်ပြီး ဆရာမဟာ နေ့လယ် နေ့ခင်း ကျောင်းဆင်းချိန် ဘယ်မှမသွားဘူးဆိုတော့ သူ့စာဟာ ညနေ ကျောင်းဆင်းချိန်မှာ အမိပြန်ပြီး ပေးလိုက်ရမယ့် စာမဖြစ်ပေဘူး လားကွဲ့"

"ဒါတော့ ဟုတ်ပါပြီ။ ကျောင်းသူ၊ ကျောင်းသားတွေထဲက မဟုတ်ဘဲ အပြင်လူတစ်ယောက်ယောက် လာပေးသွားရင်ကော မဖြစ်နိုင်ဘူးလားကွ"

"မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဆရာမဆီက ထွက်လာပြီး ခေါင်းလောင်းထိုးတဲ့အချိန်အထိဟာ ငါ ကျောင်းဝင်းတံခါးနားမှာ ကစားနေတယ်ကွ။ သူစိမ်းတစ်ယောက်မှ လာတာမတွေ့ဘူး။ ကောင်လေးနဲ့ ကောင်မလေးတချို့သာ ဝင်လာကြတာပဲ။ ဒီတော့ သူတို့အထဲက တစ်ယောက်ယောက်ဖြစ်ရမယ်လို့ ဒိဋ္ဌဓမ္မ ယူဆနိုင်တာပေါ့ကွာ"

"ဒါဖြင့် ဘယ်သူလဲဆိုတာတော့ မင်းဒိဋ္ဌ မပြောနိုင်ဘူးပေါ့"

"အေး မနက်ကဖြင့် မသိပေဘူးကွ၊ ခုတော့ ငါသိပါပြီကွာ"

"ဟာ မင်းသိပြီလား၊ ပြောစမ်းပါဦးကွ၊ တို့လည်း သိပါရစေ"

"ဟာ ငါမပြောချင်ဘူးကွာ၊ ဆရာမ သိသွားလို့ ဒဏ်ပေးရင် ခံရတော့ ငါက ခံရမှာ"

"မပြောပါဘူးကွာ၊ သိရုံသိချင်လို့ပါ မင်း ဒုက္ခရောက်အောင် ငါတို့ ပြောပါ့မလား၊ ပြောပါကွာ၊ ပြောသာ ပြောပါ"

ကျွန်တော့်မှာ စင်စစ်အားဖြင့် အလွန်ပြောချင်လှပြီဖြစ်ပေ၏။ သို့သော် ကျွန်တော်ဖတ်ရဖူးသော စုံထောက်ဝတ္ထုများတွင် စုံထောက်ဖြစ်သူ

mgyoe.com

သည် အရုပ်အထွေးတစ်ခု၏ အဖြေကိုသိရှိသောအခါတွင် မည်သူက မည်မျှပင်မေးမေး ရုတ်တရက်အဖြေမပေးသေးဘဲ နေတတ်သောထုံးကို နှလုံးသွင်းမိပြီးလျှင် –

"ဟေ့ အေးကွာ . . . ဒါတော့ မပြောနိုင်ဘူး" ဟု ဟန်လုပ်၍ ငြင်းပယ်လိုက်ပြန်လေ၏။

"ပြောပါကွ၊ မင်းက တို့ကိုမယုံလို့လား" ဟု အချို့က သိချင်သောစိတ် ပိုမိုဖြစ်လာပြီးမေးကြ၏။ တစ်ယောက်ကမူ "အလကားပါကွာ၊ ဒီကောင် ဒီလောက်တော့ မသိပါဘူး၊ သူက သူ့ကိုယ်သူ စုံထောက်မောင်စံရှားလောက် ထင်နေပြီး အခု ဖွင့်ပြောလိုက်လို့ မဟုတ်ရင် အရှက်ကွဲနေမှာစိုးလို့ မပြောတာပါ" ဟု ပြောဆိုပြောင်လှောင်ကာ ထွက်သွားမည် ပြုလေ၏။

ကျွန်တော်လည်း ဤကား မခံနိုင်အောင် ဆွ၍ပေးခြင်းဖြင့် ပြောခိုင်းခြင်းဖြစ်သည်ကို စုံထောက်ဉာဏ်ဖြင့် ကောင်းကောင်းကြီး သိလေရာ နဂိုကမှ ပြောချင်တင်တင်ဖြစ်နေရာတွင် ယခုကဲ့သို့ အပြောခံရသည့်အခါတွင်ကား . . .

"ဟေ့ ဒီလိုမပြောနဲ့ကွ၊ ငါက ဆရာမ စိတ်ဆိုးမှာစိုးလို့ မပြောတာ၊ စာကိုယူလာတဲ့ ကောင်မကလေး၊ ဘယ်သူဘယ်ဝါဆိုတာ ငါ သေသေချာချာကို သိပြီကွ"

"အေးလေ . . . သိရင်လည်း ပြောမှပေါ့ကွ"

"နာမည်တော့ ငါမပြောချင်ဘူးကွာ၊ မင်းတို့ဘာသာ မင်းတို့ပဲ စဉ်းစားကြည့်ပေတော့၊ ဒီစာကိုယူလာတဲ့ကောင်မကလေးဟာ ဒီနေ့လုံချည်ပန်းရောင်ကလေး ဝတ်လာတယ်ကွ"

"ဟာ လုံချည်ပန်းရောင်တော့ ကောင်မကလေးတွေ နေ့တိုင်းဝတ်နေကြတာပဲကွ"

mgyoe.com

mgyoe.com

"မဟုတ်ဘူး၊ မဟုတ်ဘူး။ မင်းတို့ဟာ မျက်စိကို အသုံးချတတ်တဲ့ အကောင်တွေ မဟုတ်ဘူး။ ဒီနေ့ ကျောင်းကို ကောင်မလေးတစ်ယောက် ထဲပဲ ပန်းရောင်လုံ့ချည်ကို ဝတ်လာတယ်ကွ။ စာယူလာတာဟာလည်း အဲဒီကောင်မကလေးပဲ" ပြောကာ ထိုသို့ပြောနိုင်ခြင်းအတွက် ကျွန်တော့် စိတ်ထဲ၌ များစွာ စိတ်ကြီးဝင်မိပေ၏။

"မင်း ဘယ်လိုလုပ်ပြီး ဒီလောက်သေသေချာချာ သိတာလဲ"

"ဟာ သိတာပေါ့ကွ၊ ကျောင်းဆင်းတဲ့အချိန်မှာ ဆရာမရဲ့ အမူအရာကို အကဲခတ်လိုက်တာနဲ့ သိတာပေါ့ကွ။ မိန်းကလေးအိမ်သာကို သူတို့ နှစ်ယောက် တစ်ပြိုင်နက်တည်းဝင်သွားတာ မိနစ် ၂၀ တိတိကြာတယ်ကွ။ ဒါ ဘာသဘောလဲ။ စာယူလာတဲ့ ကောင်မလေးဖြစ်လို့သာ ဒီစာကို အိမ်သာထဲ အတူတူသွားပြီး ဖတ်လား၊ မေးလားလုပ်ပြီး အချိန်ကြာနေတာ မဟုတ်လား၊ အေး မင်းတို့ မယုံရင်ညနေကျောင်းဆင်းကျရင် လိုက်ကြည့်၊ လိုက်ကြည့်ဆိုတာ ဆရာမကို လိုက်ကြည့်ဖို့ ပြောတာမဟုတ်ဘူးနော်။ အဲဒီပန်းရောင်လုံ့ချည်နဲ့ ကောင်မကလေးကို ပြောတာ၊ လိုက်ကြည့်ရင် မင်းတို့ တစ်ခုခုတော့ တွေ့ရမှာပဲ"

"နို့ . . . မင်းကော . . ."

"ငါတော့ ဒီအထိ လိုက်ကြည့်ဖို့ စိတ်မကူးဘူးကွ၊ တခြားစုံထောက်စရာတွေ ရှိသေးတယ်"

"ကောင်းပါပြီ၊ မောင်စံရှားရာ၊ စုံထောက်လို့ရတာတွေလည်း တို့ကို ပြန်ပြီးပြောပြပါဦး"

"တော်ပါကွာ၊ ငါ့ကို မလှောင်ပါနဲ့၊ တော်ကြာ ဒဏ်ခံထိနေပါဦးမယ်၊ မင်းတို့ ပါးစပ်ပေါက်တွေက လုံတာမဟုတ်ဘူး"

× × ×

mgyoe.com

ထိုနေ့ကစ၍ ကျွန်တော့်မှာ ထိုဆရာမအတန်းမှ ၆ လနှင့် အထက်တန်းသို့ ကူးပြောင်းသွားခါမှပင် ဆိုငေါက်ငြူစူခြင်းမှ လွတ်ကင်းချမ်းသာရာ ရပါတော့သတည်း။

ဂျာနယ်ကျော်၊ တွဲ–၂၊ အမှတ် (၅)၊
၁၆ စက်တင်ဘာ၊ ၁၉၃၉။

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

/

# မေ မလွမ်းလေရှော့သလား

mgyoe.com

mgyoe.com

ငွေသရဖိ ပန်းမှုံကြွေ့ကိုလ
လေပလီ ဖျန်းသုံလို့ ငှေ့ပြန်တော့၊
(အို...) လွမ်းဟုန်ဝေ့ ပွေဗျာစည်
သြော် . . . 'မေ' မလွမ်းလေရှော့သလား၊
ရေသွန်းတော် အခါတိုင်းတော့မထင့် . . .။

× × ×

'မေ့' အဖို့သော်ကား မပြောတတ်။ ကျွန်တော့်အဖို့မှာကား ရက်ပေါင်း ၃၆၄ ရက်လုံးလုံး ကျော်လွန်ကုန်ဆုံးလာခဲ့သည့်တိုင်အောင် မေ့ဖျောက်၍ မရ၊ မေ့ဖျောက်ရန် အတန်တန်ကြိုးစားသော်လည်း ထိုသို့ကြိုးစားခါမှပင် တိုး၍တိုး၍သာ တအောက်မေ့မေ့ တမြေ့မြေ့ တလွမ်းလွမ်း၊ တတမ်းတမ်း တသသဖြင့် မေရှိရာဆီသို့ ရည်ရော်မှန်းဆလျက် နေမိခဲ့လေ၏။

ယနေ့သော်ကား အခါတိုင်းထက်ပင် ပိုမို၍ သတိရမိလျက်ရှိနေပေ၏။ ယမန်နှစ်က ဤအကြိုနေ့ကြီးတွင်ပင် မေသည် ကျွန်တော်ရှိရာဆီသို့ စိုက်စိုက်မတ်မတ်ကြီး ဝင်ရောက်လာခဲ့လျက် ကျွန်တော် ပခုံးနှစ်ဖက်ပေါ်တွင် လက်ကလေးနှစ်ချောင်းကို ဖြည်းညင်းသာယာစွာတင်ကာ "ကိုတင့် မေ့ကိုချစ်ရင် မေ့အတွက် တစ်ခု ဆောင်ရွက်ပေးမလား" ဟု

mgyoe.com

ထူးထူးခြားခြား မေးလိုက်သောကြောင့် ကျွန်တော့်တွင် မေသည် ယခုကဲ့သို့ ကျွန်တော့်အချစ်ကို မယုံဘိသကဲ့သို့ မေးစမ်းနေရသေးသလောဟု တွေးတောဝမ်းနည်းမိသည့်အတိုင်း –

"အို မေရယ် ဘာဖြစ်လို့ ကိုတင့်ကို ဒီလို နှိပ်စက်ပြီး မေးနေရတာလဲ၊ မေ့အတွက်ဆိုရင် ကိုတင့် ဘာမဆို လုပ်ပေးမှာပဲဆိုတာ မေ အသိသား မဟုတ်လား" ဟူ၍ ပြောမိပေ၏။

မေကား ကျွန်တော့်မျက်နှာကို အတန်ကြာအောင် အကဲခတ်သကဲ့သို့ ကြည့်နေပြီးမှ "သိတော့ အသိသားပေါ့၊ ဒါပေမဲ့ ကိုတင့် ဒီတစ်ခါ နောက်ဆုတ်သွားမှာလားလို့ စိုးရိမ်လို့ အခုလို မေးတာပေါ့" ဟူ၍ ပြောပြီးလျှင် ကျွန်တော့်ကို ကျော်လွန်ကာ ပြတင်းပေါက်မှ မြင်ရသော တစ်ဖက်ခြံရှိ ဧရာမသရဖီပင်ကြီးဆီသို့ စူးစိုက်ကြည့်နေသည်နှင့်။

"ပြောပြီးကော မေ ကိုတင့်ဟာ မေ့ဆန္ဒကို မပြည့် ပြည့်အောင် ဖြည့်ပေးပါ့မယ်လို့၊ ဘယ်လို ဖြည့်ပေးရမယ်ဆိုတာသာ ပြောပါ မေ၊ ပျက်ကွက်ရင် ကိုတင့် တာဝန်ပေါ့" ဟု မေ၏ နှစ်သွယ်သောလက်ကို ယုယစွာ ကိုင်တွယ်၍ ပြောမိပေ၏။

မေကား ရုတ်တရက် မပြော။ ကျွန်တော့်ကိုတစ်လှည့်၊ သရဖီပင်ကြီးကိုတစ်လှည့် ကြည့်ခါ တစ်စုံတစ်ခုကို ချီတုံချတုံ ချိန်ဆစဉ်းစားနေသကဲ့သို့ ပြုလုပ်နေသောကြောင့် လက်ကလေးကို ကိုင်လှုပ်ကာ . . .

"ပြောလေ မေ၊ ကိုတင့်က ကူပါ့မယ်ဆိုတော့လည်း မေက မပြောပြန်ဘူးကိုး၊ ကိုတင့်ကို မယုံလို့လား"

"အို မေ ကိုတင့်ကို ယုံပါတယ်၊ ယုံလို့လည်း ကိုတင့်ဆီကို လာတာပေါ့"

"နို့ ဘာကြောင့် ကိုတင့် ဘယ်လို အကူပေးရမယ်ဆိုတာ အခုထက်ထိ မပြောဘဲ နေရတာလဲ"

mgyoe.com

"မေ ဘယ်လိုပြောရမှန်း မသိလို့ ဘယ်လိုပြောရရင် ကောင်းမလဲ ဆိုတာ စဉ်းစားနေတာပါ"

"ဘယ်လိုပဲ ပြောပြော မေ၊ ပြောသာ ပြောပါ၊ ကိုတင့် သိချင်လှပါပြီ"

"မေ ပြောမယ်နော်"

"ပြောပါဆိုမှပဲ မေရာ၊ ဘယ်နှစ်ခါရှိပြီလဲ ပြောရတာ"

"ကိုတင့် မေ့ကို ဘာမှမေးခွန်းမထုတ်နဲ့နော်၊ ဘာဆို ဘာမှ မမေးနဲ့၊ မေကပဲ ပြောမယ်"

"အို မေရာ၊ ကိုတင့် မရှင်းတာရှိရင်တော့ မေးရမှာပေါ့"

"မရှင်းတာ မရှိပါဘူး ကိုတင့်ရာ အရှင်းကြီးပါ၊ ရှင်းလွန်းလွန်းလို့ . . ."

မေကား ရှေ့သို့မဆက်ဘဲ ကျွန်တော့်မျက်နှာကို စိမ်းစိမ်းစားစား ကြည့်ရှု အကဲခတ်နေပြန်သောကြောင့် ကျွန်တော့်တွင် အားမလို အားမရ ဖြစ်လာကာ . . .

"ပြော မေ မမေးနဲ့ဆိုလည်း ဘာမှ မမေးဘူး၊ မေ ပြောစရာရှိတာ သာ မြန်မြန်ပြောပါတော့"

"မေလေ မေ ညကျရင် မေမေအိပ်တဲ့အချိန် ဟောဟိုဘက်ခြံက သရဖီ ပင်ကြီးအောက်ကို ကိုတင့်နဲ့ နှစ်ယောက်တည်း သွားချင်တယ်။ ဟိုဘက် ခြံကြီးထဲမှာ လူဆိုလို့ တစ်ယောက်မှ မရှိဘူး၊ မေတို့ သွားရင် မေနဲ့ ကိုတင့်နဲ့ နှစ်ယောက်ထဲပဲ ရှိမှာပဲ"

"အောင်မလေး မေရာ ဒါများ ဝေ့လည်ကြောင်ပတ် လုပ်နေလိုက်ရ တာ၊ ပြောရောပေါ့ တစ်ခါတည်း၊ ဘာလဲ ကိုတင့် ဖြုန်းကနဲ ဝမ်းသာလုံး ဆို့သွားမှာစိုးလို့လား"

မေသည် တစ်စုံတစ်ရာ ပြန်၍မပြောဘဲ ပြုံးလျက်သာနေ၏။

"နို့ မေ့ မယ်တော်ကြီးက ကိုတင့်နဲ့ ဟိုဘက်ခြံထဲ ညကြီးကျမှ ထွက် သွားတာကို မတော် နိုးလာလို့ သိသွားရင် စိတ်ချမလား"

mgyoe.com

"အို ကိုတင့်ကလည်း ပူတတ်ရန်ကော၊ သိသွားတောင် ကိုတင့်နဲ့သာ ဆိုရင် မေကို ဘယ်မဆို စိတ်ချတာပဲ မဟုတ်လား၊ သိမှာလည်း မဟုတ်ပါဘူး ကိုရွှေရိုးကြီးရဲ့"

"ကဲ ပြောစမ်းပါဦး၊ ဟိုခြံထဲကျတော့ ကိုတင့် ဘာလုပ်ရဦးမလဲ"

"ခက်တာပဲ ကိုတင့်ဟာ သိပ်ပြီး အတာပဲ၊ ဒါကြောင့် ဘာဆို ဘာမှ မမေးရဘူးလို့ မေ စောစောကတည်းက ပြောထားတာ"

"ဩော် ကိုတင့် သဘောအတိုင်းပဲလား၊ ဒီလိုဖြင့် မေရယ်၊ ကိုတင့် စောစောက ဒေါ်ဒေါ့်ကို ပြောမိတဲ့စကားအတွက် မေ့ကို တောင်းပန်ရမှာပဲ"

"ဘာလဲ ကိုတင့် ဘာစကားများလဲ"

မေသည် အလွန့်အလွန် သိလိုသောမျက်နှာဖြင့် ကျွန်တော့်ကို ကိုင်ထားသော လက်ကလေးနှစ်ဖက်ကို ပြန်၍ရုပ်ကာ ကျွန်တော့်ပခုံးကို လှုပ်၍ မေးရှာပေ၏။

"မေ စိတ်မဆိုးနဲ့နော်၊ ကိုတင့်လည်း စိတ်ပူလို့ ပြောမိတာပဲ။ ဒီလမ်းထဲက ဟိုကောင်ကလေး ရှိပါရောလား၊ ထွေးမောင်ဆိုတာလေ။ ကျော့ကျော့ ကျော့ကျော့နဲ့ ကောင်ကလေးဟာ အဲဒီကောင်က မေ့ကို မရမက ပိုးနေတယ်လို့ ကိုတင့်က တလောက ကြားလာတာနဲ့ ဒီအကြောင်း ဒေါ်ဒေါ့်ကို ပြောပြမိတယ်"

မေသည် ကျွန်တော့်အား သေချာစွာ စူးစိုက်ကြည့်လိုက်ပြီးနောက် "ဒီတော့ မေမေက ဘာပြောသလဲ"

"ဒေါ်ဒေါ်ကလား ဒေါ်ဒေါ်ကတော့ ဒီကောင်ကလေး ဒါကြောင့် အိမ်ရိပ်တောင် အနင်းမခိုင်းတာပေါ့၊ မောင်တင့်ကလည်း ခပ်အေးအေးဆိုတော့ မတော် ကလေးချင်း မေတ္တာရှိသွားရင် မောင်တင့်အပေါ် မျက်နှာပူစရာ ဖြစ်မှာပေါ့တဲ့"

mgyoe.com

mgyoe.com

"နို့ ဒီတော့ ကိုတင့်က ဘယ်လို ပြန်ပြောလိုက်သေးသလဲ"

မေမှာ မဟုတ်မမှန် အပြောခံရ၍လောမသိ၊ ယခု မေးလိုက်သော အသံမှာ အတန်ငယ် ခက်ထန်သွားပုံရပေ၏။

"ကိုတင့်ကလား၊ အို မေ့အတွက်တော့ ပူစရာမရှိပါဘူး ဒေါ်ဒေါ်၊ ကျွန်တော့်အပေါ်မှာ အတော့်ကို ကြင်နာရှာပါတယ်လို့ ပြောလိုက်တာပေါ့။ စောစောကသာသိရင် ဘယ်လောက်ကြင်နာတယ်ဆိုတာ လူမရှိတဲ့ ဟိုဘက်ခြံကြီးထဲက သရဖိပင်ကြီးအောက် ညဘက်နှစ်ယောက်ထွက်ပြီး သွားရအောင်လို့တောင် ခေါ်ပါတယ်လို့ ပြောလိုက်ရသား"

မေလည်း စိတ်တိုင်းမကျသကဲ့သို့ နှုတ်ခမ်းကလေးကို စူကာ "ပြော. . . ပြော . . . အဲသလို ကြပ်ကြပ်ပြော" ဟု ပြောပြောဆိုဆို အခန်းတွင်းမှ ဖျတ်ခနဲ လှည့်ထွက်သွားသည်နှင့် ကျွန်တော်လည်း ညရေးကိုကြံတွေးကာ စိတ်ပျော်ပျော်ရှိသည့်အတိုင်း အနီးတွင်ရှိသည့် ကဗျာမှတ်စုစာအုပ်ကလေးကိုဖွင့်၍ မမြင်တစ်ချက် မြင်တစ်ချက်သော မျက်စိများဖြင့် ကြည့်နေမိလေ၏။

သို့သော် အာရုံစူးစိုက်၍ မရသဖြင့် စာအုပ်ကို ဖြန့်မြဲတိုင်း ဖြန့်ထားခဲ့ကာ ထွေရာစိတ်ကူး၍ အိပ်ရာဆီသို့ လှည့်၍လာခဲ့လေ၏။

ထိုညက ကျွန်တော်ရှိရာသို့ မေ ရောက်မလာမီပင် မေ၏ ကိုယ်မှ သင်းပျံ့မွှေးကြိုင်သော ရနံ့ကလေးသည် ကျွန်တော့်နှာခေါင်းဝသို့ပြေးလာ နှုတ်ဆက်နှင့်သဖြင့် ကျွန်တော်လည်း အပေါ်အင်္ကျီကို ကောက်၍ဝတ်ကာ အခန်းဝဆီသို့ လာခဲ့လေ၏။

အခန်းဝတွင် ခြေဖျားကလေးထောက်ခါ လာလျက်ရှိသော မေကို တွေ့မြင်ရရာ ကျွန်တော့်ကို မြင်သောအခါ မေလည်း အသာရပ်လျက် လှေကားဘက်ဆီသို့ လှည့်၍သွားသည်နှင့် ကျွန်တော်လည်းနောက်က အသာကလေး လိုက်၍သွားရလေ၏။

mgyoe.com

mgyoe.com

အောက်ထပ်သို့ရောက်၍ တစ်ဖက်ခြံသို့ကူးသောအခါ သစ်ပင်ရိပ်ကြီးများအောက်တွင် အတန်ငယ်မှောင်နေသဖြင့် ရှေ့က သွားနေသော မေအား "နေဦး မေ၊ ကိုတင့် လမ်းပြမယ်လေ မတော် . . ."

"ကိစ္စမရှိဘူး ကိုတင့်၊ မေ့မှာ လက်နှိပ်ဓာတ်မီးပါတယ်၊ လာ . . . လာ . . . ဒီဘက်က လာ . . ."

"အို ကိုတင့်အဖို့ရာက အရေးမကြီးပါဘူး။ မီးမမြင်ရတာတောင် မေ ဘယ်နားရောက်နေတယ်ဆိုတာ ကိုတင့် မေ့ဆီက အနံ့ကိုရတာနဲ့ လိုက်လာနိုင်မှာပဲ"

"အမယ်လေး ဒီလောက်တောင်ပဲလား"

"ဒီလောက်တောင်ကိုပဲ မေကလည်း သ လာတာကိုး၊ ကိုတင့်စိတ်ထဲမှာ မေဟာ ဒီနေ့ညမှာ အလှဆုံးပဲလို့ ထင်မိတာပဲ။ ပြီးတော့လည်း ကိုတင့် ဒီညလောက် မေ့ကိုချစ်ပြီး ဒီညလောက် စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေတာကို တစ်ခါမှ မကြုံဖူးဘူး၊ မေရော . . ."

"အမယ်လေး လျှာရှည်တော် မူမနေနဲ့၊ ဟောဒီက ဝင်းထရံခတ်ကြိုးနဲ့ ငြိနေလို့ ကွဲပြဲနေဦးမယ် လာ . . . ဒီဘက်ကို"

"မြင်ပါတယ် နေဦး၊ မကူးနဲ့ဦး၊ ကိုတင့်အရင် ကူးပြီးမှ မေ့ကို ဆွဲတင်ပေးမယ်၊ နေဦးနော်၊ နေဦး"

ကျွန်တော်လည်း ရှေ့သို့ သွက်လက်သောခြေလှမ်းများဖြင့်သွားကာ ခြံစည်းရိုးကို လွှား၍ခုန်ကျော် လိုက်ပြီးလျှင် "ပေး၊ မေ့လက်ကိုတင့်ကို ပေး" ဟု ပြောပြောဆိုဆို လှမ်းဆွဲကာ တစ်ဖက်ခြံဝင်းထဲသို့ ရောက်သည့်တိုင်အောင် အောက်သို့ ချရမည်ကို မချရက်ဘဲ တင်းကြပ်စွာ ပွေ့ပိုက်ထားမိလေ၏။ ကျွန်တော်ကား မျက်နှာကို သရဖီပင်ကြီးရှိရာဆီသို့မူ၍ ရှေ့သို့ ဆက်သွားရန် ဖြစ်ပါသော်လည်း မျက်နှာကို မေ့မျက်နှာဆီမှ ခွာ၍မရ။ ရှေ့သို့ ဆက်လက်သွားဖို့ရန်မှာမူ စိတ်ကူးထဲတွင်ပင် မပေါ်ပေါက်ဘဲ

mgyoe.com

ရှိနေမိလေ၏။

သို့သော် မေက "လုပ်ပြီ၊ သိပ်ကဲတာပဲ၊ ကဲပါ . . . ဟိုရောက်အောင် သွားမှာ သွားပါဦး" ဟု ပြောပြောဆိုဆို အောက်ဆင်းပြီးလျှောက်မည်ပြု၍ ကျွန်တော်လည်း မလွှတ်လိုသေးသည့်အတွက် "ဆင်းမလျှောက်ပါနဲ့တော့ မေရာ၊ ကိုတင့်ပဲ ချီခဲ့ပါမယ်" ဟု ပြော၍ ရှေ့သို့ လှမ်းခဲ့လေ၏။

မေကား ရှန်းလျက် "အို . . . နေပါစေ၊ မေ့ဘာသာ မေ လျှောက်ပါ့မယ်၊ ကိစ္စမရှိပါဘူး၊ ဟိုကျမှ ကိုတင့်ကို မေ ကောင်းကောင်းကြီး အလုပ်ပေးရမယ်"

"အို စိန်လိုက်၊ ကိုတင့်ကို ဘာမှတ်လို့လဲ၊ ကဲ ဆင်းလျှောက်မှာဖြင့် ရင်လဲ မြန်မြန်လျှောက်ပါ မေရာ၊ ကိုတင့် ဟိုအောက်ကို ရောက်ချင်လှပြီ"

တစ်ခဏမျှကြာသောအခါ သရဖီပင်ကြီးအောက်သို့ ရောက်ခဲ့လေ၏။ မေမေလည်း "ကဲ ကိုတင့်" ဟူ၍ ခေါ်ရုံမျှ ခေါ်ရသေးစဉ် ကျွန်တော်လည်း သွက်လက်စွာဖြင့် "ဘာလုပ်ရမလဲ ပြောလေ၊ အို ကိုတင့်ကတော့ ဘာပဲလုပ်ရလုပ်ရ အသင့်ပဲ" ဟု ပြောမိလေ၏။

"အဟုတ်လား၊ ဒါဖြင့် မေ ဟောဒီအပင်ကြီးက သရဖီပန်းတွေကို ဒီညခေါင်းမှာ ဝေနေအောင် ပန်ချင်တယ်"

"အဲဒါမှ ခက်တာ၊ စောစောကပြောရင် တံချူယူအလာခဲ့ရသား"

"အို့ . . . တံချူနဲ့သာဖြင့် မေလည်း ခူးနိုင်တာပေါ့၊ မေကကိုတင့် ကိုယ်တိုင်တက်ပြီး ကိုတင့်လက်နဲ့ ချိုးပေးတဲ့ပန်းကိုမှ ပန်ချင်တာ"

"ကဲဗျာ ဒါဖြင့် မမြင်မစမ်းနဲ့ တက်ရမှာ၊ အောက်က ဓာတ်မီးသာ ထိုးပြ၊ ကိုတင့် တက်မယ်၊ ကြာကြာလည်း မထိုးနဲ့နော်၊ တော်ကြာ တခြားလူတွေဖြတ်ပြသွားရင် မြင်နေ ဝွကျကုန်မယ်။ တက်နေတုန်း တစ်ချက် တစ်ချက်သာထိုးပြ အပေါ်ရောက်ရင် မထိုးနဲ့တော့။ ဆင်းတော့ အသံပြုလိုက်မယ်။ ဒီတော့ တစ်ခါထိုးပြနော် ဟုတ်လား"

mgyoe.com

"စိတ်ချ ကိုတင့်"

"ကဲ . . . ကဲ တက်ပြီ၊ ပန်းတွေ မပန်ခင်တောင် မေ့ကို မြင်ရတာကို တင့်စိတ်ထဲက တစ်မျိုးကြီးဖြစ်နေရင် ပန်းတွေဝေလို့မျှား မြင်ရရင် ကိုတင့် ဘယ်လိုနေမလဲ မသိဘူး၊ ကဲ . . . မီးတစ်ချက်ထိုးလိုက်"

ကျွန်တော်လည်း ဤသို့အားဖြင့် အပေါ်သို့ရောက်ရှိကာ သရဖီပန်းခိုင်များကို တစ်ခုပြီးတစ်ခု စမ်း၍စမ်း၍ ချိုးချခဲ့ပေ၏။ အတန်ကြာသောအခါ နှစ်ခြံကျော် သုံးခြံဆီမှ ခွေးဟောင်သံများကြားရသည့်အတွက် စိတ်မချသည်လည်းတစ်ကြောင်း၊ အတော်များများရပြီဖြစ်သည်လည်းတစ်ကြောင်းကြောင့် အကိုင်းများဆီမှ ပင်စည်ကြီးဘက်သို့ ကူးခဲ့လျက် အောက်သို့ဆင်းရန် မီးတစ်ချက်ပြဖို့ ခပ်တိုးတိုးလှမ်း၍ပြောလိုက်ရာ မေကား မီးမထိုးဘဲနေသဖြင့် ကျယ်ကျယ်လည်း မပြောဝံ့၍ စမ်းကာ စမ်းကာ ဆင်းလာခဲ့ရပေ၏။

မြေကြီးပေါ်သို့ ဖုတ်ခနဲ ဆင်းမိသည့်တိုင်အောင် မေကား မီးမပြဘဲရှိ၍ "မေ . . . မေ" ဟု ဖြည်းညင်းစွာခေါ်ပြီးလျှင် "မနောက်ပါနဲ့ မေရာ၊ မီးထိုးပြစမ်းပါ၊ ကိုတင့် ချွေချတဲ့ပန်းခိုင်တွေ လိုက်ကောက်ရဦးမှာ" ဟု ပြောသော်လည်း မေကား တိတ်တိတ်ကလေးပင် နေသောကြောင့် "အေးကွာ၊ မိမျှား မိရင်တော့လား၊ ဒီညတော့ အတွေ့ပဲ" ဟု ကြိမ်းကာ စောစောက မေ မတ်တတ်ရပ်နေရာဆီသို့ လာခဲ့လေ၏။

သို့သော် ရှာ၍မရ၊ သရဖီပင်ကြီးအောက်သို့ အနှံ့အပြားလိုက်ရှာသော်လည်း မတွေ့ရ၍ "မေ ထွက်ခဲ့ပါတော့ မေရာ၊ ကိုတင့်မောလှပြီ၊ ဒီလောက် ကစားရရင် တော်ရောပေါ့" ဟု ပြောသော်လည်း မေကား ဘာမျှပြန်မပြောသည့်အတွက် ကျွန်တော့်မှာ စိတ်ဆိုးမိသလိုဖြစ်လာရင်း အမြန်ဆုံး တွေ့အောင် ရှာနေရလေ၏။

သို့သော် ထိုနေရာတစ်ဝိုက်တွင် အနှံ့အပြားရှာသော်လည်းမတွေ့။

mgyoe.com

ကျွန်တော် စောစောက ချွတ်ပေးသော အင်္ကျီကလေးသာ ပန်းချုံကလေး တစ်ခုပေါ်တွင် တင်လျက်သား တွေ့ရ၍ ဧကန္တ မေကားကျွန်တော့်ကို နောက်ပြောင်၍ အိမ်သို့ပြန်နှင့်လေပြီဟု စဉ်းစားမိကာ နီးရာသရဖီခိုင်များကိုကောက်၍ အိမ်သို့ပြန်လည် သုတ်ခြေတင်လာခဲ့ရလေ၏။

အိမ်သို့ရောက်သောအခါ သို့တိုင်အောင် မေအား မမြင်ရ၊ ခုတင်အောက်၊ တံခါးကြားတို့တွင် ပုန်းနေလေသလားဟု ရှာပါသော်လည်း မတွေ့ရသောအခါ ခြံထဲတွင်ပင် ကျန်ရစ်၍ အားနွဲ့စွာ မလာတတ်၊ မကူးတတ်ဖြစ်နေရှာပြီလောဟု ကသောကမျော ပြေးဆင်းလာခဲ့ရပြန်လေ၏။

ဤအကြိမ်တွင်မူ လက်နှိပ်ဓာတ်မီးတစ်လက်ပါလာရာ နှံ့အောင်ရှာသော်လည်း မတွေ့ရ၍ နောက်ဆုံးတွင် ကြီးစွာစိတ်ပူပန်ခြင်းဖြစ်ကာ ဒေါ်ဒေါ်အား နိုး၍အကျိုးအကြောင်း ပြောရလေ၏။

ဤတွင် ဒေါ်ဒေါ်လည်း "ဟိုက် သောက်ကျိုးနည်းတာပဲ၊ ဟိုကောင်နဲ့ လိုက်ပြေးပြီထင်တယ်၊ ညနေက ရစ်သီရစ်သီ လုပ်နေတာတော့ အမြင်သား၊ ဒါပေမဲ့ ချိန်းချက်ထားလို့ဆိုတာ လုံးလုံးကို မရိပ်မိဘူး၊ သောက်ကျိုးနည်းပါပြီ၊ မောင်တင့်ကလဲ သိပ်အတာပဲ" ဟု ဆူပူကြိမ်းမောင်းသဖြင့် ကျွန်တော့်မှာ စောစောက ခွေးဟောင်သံများကြားလိုက်စဉ်က မရိပ်မိလိုက်၍ ကြီးစွာစိတ်ညစ်နေရသည့်အတွင်း သာ၍ပင် စိတ်မကောင်းဖြစ်လာသည့်အတွက် ခြေကုန်လက်ပန်းကျခါ အိပ်ရာထဲသို့ တစ်ကိုယ်လုံးပစ်တင်လိုက်ပြီးလျှင် မိမိကိုယ်ကို အပြစ်တင်၍မဆုံးဖြစ်နေမိလေ၏။

× × ×

သို့ဖြင့် နံနက်လင်းခဲ့ရာ ယမန်နေ့က ကြည့်နေသော စာအုပ်ပေါ်တွင် ကျွန်တော်တင်ထားသည်ဟူ၍ သတိမရမိသော စက္ကူခေါက်ကလေးတစ်ခုကို တွေ့ရ၍ ကောက်ယူဖွင့်ဖောက်ကြည့်မိရာ မည်သည့်အချိန်က တင်

mgyoe.com

သွားသည်မသိ။ မေ့ လက်ရေးဖြင့်။

*အဲဒီလို ကြပ်ကြပ်ရိုး၊ တစ်သက်လုံး မစွံဘဲနေလိမ့်မယ် သိလား၊ သနားတော့ သနားပါရဲ့၊ ဒါပေမဲ့ ဒီမှာလည်း ချစ်မိပြီးသားဖြစ်နေတာကိုး၊ ဘယ့်နှယ့်လုပ်မလဲ၊ ခွင့်လွှတ်နော် ကိုရွှေရိုးကြီး။*

မေ

ဟူ၍ တွေ့ရသဖြင့် စားပွဲပေါ်၌ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်သည်တွင် ညက လှန်ထားသော ကဗျာမှတ်စုစာအုပ်ကလေး၏ စာမျက်နှာပေါ်ဝယ် . . .

*သန်းဦးခေါင်း တစ်လုံးလေ့၊ သုံးကုဋေ၊ စိတ်ဖြာဘုန်းတဖေ့၊ မိတ်လျာငယ်၊ တဆိပ်စာ ငယ်မျှ၊ သနားတည့် ချစ်မညှာတယ်၊ မြစ်ပမာ လမ်းကောက်လေစွ။ ဂရုစိုက် တစ်ဖက်လူမှာ အသက်ရှူမဝ။ ကဏ္ဍူရ စန္ဒန၊ ပန်ရလိမ့်နိုးမျှော်။ ရက်သာရှည် နှစ်သာလွဲတော့မပ။မဖြစ်ပါဘဲ ဘုန်းပြန်မိန့်တော်။ ဆုံးကံက ရေမလျော်ပြီ၊ ရှေ့အဟော်ဝတက ကမ္ဗဇကံငင်ကြုံလာ၊ ဘုန်းဝဋ်ကြီးပ့ါ ကုံးဆွတ်ပြီး ရွှေမာလာရယ်၊ မေအခွာစောလေငဲ့လေး။ ' ။*

ဟူ၍ ရေးမှတ်ထားသော တေးထပ်ကလေးကို တွေ့မြင်ရ၍သာပင် စိတ်တွင် နောက်ကျိသွားကာ "လုပ်လည်း လုပ်ရက်ပါပေ့မေရယ်၊ လုပ်လည်း လုပ်ရက်ပါပေ့" ဟု ညည်းမိရင်း ထိုနေ့မှ ဤနေ့၊ ထိုရက်မှ ဤရက်၊ ထိုရာသီမှ ဤရာသီသို့တိုင် ရောက်လာခဲ့သော်လည်း မေ့သတင်းကိုကား တစ်စွန်းတစ်စမျှ မကြားရဘဲ ရှိခဲ့ပေ၏။

ယခု သရဖီပန်းများလည်း ကြိုင်လှိုင်သင်းပျံ့စွာ ဝေဝေဆာဆာ ပွင့်

mgyoe.com

 mgyoe.com


နေကြပြီ။ ရေသွန်းတော်အခါလည်း တိုင်တော့မည်။ မေ . . . မေ . . . မေ . . . မလွမ်းဘူးလား . . . မေ . . .။

ဂျာနယ်ကျော်၊ တွဲ–၉၊ အမှတ်(၂)၊
၁၂ ဧပြီ၊ ၁၉၄၁။

❑

mgyoe.com

mgyoe.com

# ဝတ္ထ၊ ဝတ္ထ၊

mgyoe.com

mgyoe.com

(ဝတ္ထုအားလုံးပင် စိတ်ကူးဉာဏ်မှ ထွက်ပေါ်ကြ၏။ စိတ်ကူးဉာဏ်သည် သူတွေ့ကိုယ်တွေ့တည်းဟူသော တကယ့်အဖြစ်အပျက်များထဲမှသော်လည်းကောင်း၊ သဘာဝကျခြင်း၊ မကျခြင်းနှင့် မဆိုင်တော့သည့် ရောက်တတ်ရာရာ စဉ်းစားခြင်းမှ ပေါ်ပေါက်လာသော အကြောင်းအချက်များထဲမှသော်လည်းကောင်း ထွက်ပေါ်လာ၏။ ဝတ္ထုရေးသူသည် ဝတ္ထုဇာတ်ကွက်ကို ဖန်တီးချင်သလို ဖန်တီးနိုင်၏။ ဤလို မဖန်တီးဘဲ ထိုလိုဖန်တီးက ဝတ္ထုပို၍ကောင်းမည်၊ သဘာဝပို၍ ကျမည်ဟုဆိုခြင်းသည် ဆိုသူ၏သဘောသာလျှင် ဖြစ်နိုင်၏။ ဖတ်သူ၏စိတ်သည် မိမိ၏သဘောဖြင့် ဝတ္ထုအပေါ်တွင် မည်ကဲ့သို့ စုန်ဆန်သွားလာ ကျက်စားစိတ်ကူးသနည်း။ ထိုနည်းအတိုင်းပင် ကောင်းသည်၊ မကောင်းသည်ဟု ပြောကြခြင်းဖြစ်၏။ သဘာဝမှာ တစ်နည်းတည်းအားဖြင့်မကျ။ နည်းအမျိုးမျိုးနှင့် ကျ၏။ ကိုယ်ကျသောနည်းနှင့် သူကျသောနည်း ကွာခြားခြင်းသည်ပင် လူလူချင်းမတူမှု၏ အဓိပ္ပာယ်ကို ပေါ်လွင်စေ၏။

အောက်ပါဝတ္ထုသည် တကယ့်အဖြစ်အပျက်ဝတ္ထုမဟုတ် တကယ့်အဖြစ်အပျက်ဆိုရုံမျှဖြင့်လည်း သဘာဝကျပြီမဆိုသာ။ အောက်ပါဝတ္ထုသည် ဝတ္ထုများထဲတွင်သာ လွယ်ကူစွာ တွေ့ရတတ်သော ယောကျ်ားပျို၊ မိန်းမပျိုကလေးတို့၏ ဝတ္ထုဖြစ်၏။ ထို့ကြောင့် အောက်ပါဝတ္ထုသည်

mgyoe.com

mgyoe.com

'ဝတ္ထု ဝတ္ထု' ဖြစ်၏။ သဘာဝတရားအားဖြင့် ယောကျ်ားကလေးသည် ဤဝတ္ထု၌ ပြုမူပြောဆိုသလို ပြုမူပြောဆိုလိမ့်မည်မဟုတ်။ မိန်းကလေးလည်း ထိုနည်းနှင်နှင်ပင်။ သို့ဖြစ်ရာ တကယ့်ဝတ္ထုများပင် သဘာဝကို နည်းအမျိုးမျိုးနှင့် ကျချင်သလို ကျနိုင်၍ စာတတ်သူ လိုချင်သည့် တစ်နည်းတည်းအားဖြင့် ကျရန်ခက်ခဲလှဘိရကား။ ဤဝတ္ထုသည် သဘာဝမကျနိုင်ပေ။ ဤဝတ္ထုထဲတွင်ပါသော ဇာတ်လိုက်လို လူပျို အပျိုကလေးမျိုး တကယ့်လူ့ဘဝတွင် ကျွန်ုပ်မကြားဖူးချေ။ တကယ့်လူ့ဘဝတွင် သူတို့လိုရှိကြလျှင် သူတို့အတွက်ရော ကျွန်ုပ်တို့အတွက်ပါ တစ်မျိုးကောင်းလိမ့်မည်လားဟု စဉ်းစားမိ၏။ စာရေးသူ)

× × ×

အဘယ်အရာများဖြင့် ပြည့်စုံသည်ကိုမြင်၍ ကျွန်တော့်အား မောင်ပြည့်စုံဟူ၍ အမည်မှည့်လွှတ်လိုက်ကြသည် မသိ။ အသက် ၂၀ အရွယ်သို့ အရောက် မိဘနှစ်ပါးစလုံးပင် တစ်ယောက်နှင့်တစ်ယောက် ကျွန်တော်မသိအောင် လက်ကုပ်ပြီး ရှေ့ဆင့်နောက်ဆင့်လိုပင် တစ်ဘဝသို့ ကူးပြောင်းသွားကြသောအခါ ကျွန်တော့်မှာ ပညာလည်း မပြည့်စုံ၊ ဉစ္စာလည်း မကြွယ်ဝ၊ ကျွန်တော့်မိဘအိမ်၊ ကျွန်တော့်အိမ်ဟူ၍ ကျွန်တော်အမြဲတမ်း စွဲမှတ်ယုံကြည်ကာ ဒါငါ့အိမ်ဟူ၍ ကျောင်းမှန်းကန်မှန်းသိအောင် ကြမ်းကို ခပ်ဆောင့်ဆောင့်ကလေး နင်းခဲ့သော ဤသုံးပင်နှစ်ခန်း အိမ်ကလေးမှာ ကျွန်တော့်မိဘ အလောင်းမြေသို့ကျ၍ အိမ်ပေါ်သို့မှ ကျွန်တော်ပြန်ပြီး မတက်ရသေးမီ ကြွေးရှင်များက စာကလေးတစ်စောင်လက်ထဲ ထိုးထည့်လျက် သိမ်းပိုက်ယူငင်လိုက်ကြသောကြောင့်။ ခပ်ရှက်ရှက်ရှိသည်နှင့် မိမိကိုယ်ပိုင် အဝတ်အစားကလေးများကိုမျှ မယူခဲ့နိုင်ဘဲ စိတ်ဆိုး ဆိုးရှိတိုင်း အတိုးနှင့် မြေကြီးကိုသာ တွင်တွင်ဆောင့်

mgyoe.com

mgyoe.com

နင်းကာ ဦးတည်ရာသို့ ထွက်လာခဲ့မိလေ၏။

ကျွန်တော့်အဖြစ်ကိုသိမြင်၍ ကံရဏာမကင်းသူများက ၎င်းတို့အိမ်ထဲမှ လှမ်း၍ "ဟေ့ ပြည့်စုံ ဘယ်လဲကွ" ဟူ၍လည်းကောင်း၊ "မောင်ပြည့်စုံ ဘယ်တုန်း၊ ဝင်ပါဦးလား" ဟူ၍လည်းကောင်း၊ ပိုမို ရင်းနှီးသောရွယ်တူတန်းတူများက "ဟ ပြည့်စုံကြီး၊ ဘာဖြစ်လာသလဲ" ဟူ၍လည်းကောင်း၊ ဆိုကြ၊ မေးကြ၊ ပြောကြလေလေ ကျွန်တော့်မှာ စိတ်ဆိုးလေလေ ဖြစ်လာလေ၏။ ကျွန်တော့်တွင် ပညာကလေးမှ ပြည့်စုံအောင် မသင်ကြားရသေးမီ မိဘနှစ်ပါး မပြည့်စုံသည့်အဖြစ်သို့ရောက်ရလျက်။ ထိုသို့ ရောက်ရသည့် တစ်ခဏာ၌ပင်လျှင် အိုးမဲ့ အိမ်မဲ့နှင့် ထပ်မံမပြည့်စုံဖြစ်ရသည်ကို တွေ့နေရသည့်အကြား၌ 'ပြည့်စုံ' 'ပြည့်စုံ' နှင့် လှမ်း၍ ခေါ်ကြပြောကြသော အသံများမှာ ကျွန်တော့်အား ဝိုင်း၍ သရော်လှောင်ပြောင်ရှုတ်ချနေသည်နှင့် တူလှသည့်အတွက် ကျွန်တော့်မှာ များစွာမခံမရပ်နိုင် ဖြစ်ရလေ၏။

ဤတွင် ပိုမိုရင်းနှီးသူများက ပြည့်စုံကြီးဟူ၍ ဖမ်းပြီး နှုတ်ဆက်လိုက်သောအခါ လက်သီးဖြင့် ပြေးပြေးပြီး ထိုးလိုက်ကြိတ်လိုက်ချင်သလိုလို၊ သွားဖြင့် ပြေးပြီး မိရာနေရာကို စိခနဲ၊ စိခနဲနေအောင် ကြိတ်လိုက် ဝါးလိုက်ကိုက်လိုက် ခဲလိုက်ချင်သယောင်ယောင် ဖြစ်လာလေ၏။

သို့သော် မည်သည့်ဘက်က မပြည့်မစုံ ချို့ယွင်းနေပြန်သည်မသိ။ ထိုအရာနှစ်ခုစလုံးကိုပင် ကာယကံမြောက် မပြုလုပ်နိုင်ဘဲ တွင်တွင်သာ အံခဲ၍ အရပ်ထဲမှ ပိုမိုလျင်မြန်သောခြေလှမ်းများဖြင့် ထွက်လာမိလေ၏။

အရပ်ထိပ်သို့ရောက်သောအခါ "ပြည့်စုံ လာဟေ့၊ ဝင်ခဲ့စမ်း ဦးလေကွယ်၊ ဒီနေ့ မသာလိုက်မပို့နိုင်တာ စိတ်မရှိနဲ့ဟေ့၊ ဟိုဘက်ရွာသွားပြီး ရစရာရှိတဲ့ ကြွေးကလေး . . ."

ကျွန်တော့်မှာ ဆုံးအောင် နားမထောင်ဝံ့။ ဆုံးအောင် နားထောင်မိ

mgyoe.com

mgyoe.com

လျှင် ထိုသို့အခန့်စား လှမ်း၍ပြောသူကို ဤတစ်ခါတွင်ကား တစ်သက်လုံး အကြွေးသွားမတောင်းနိုင်အောင် ခြေထောက်ကိုကိုင်ပြီး ရိုက်ချိုးပစ်မိမည် အမှန်ဖြစ်ပေ၏။ သို့ဖြစ်၍ ပိုမိုသွက်လက်လျင်မြန်သောခြေလှမ်းများဖြင့် မိမိအား ဤမျှ သရော်လှောင်ပြောင်နိုင်သော ရပ်ကွက်ကလေးကို စွန့်ပစ်ခါ လျှောက်မိလျှောက်ရာ လျှောက်လာခဲ့ရာ နောက်ကနေပြီး ရှေ့သို့မတိုးနိုင်အောင် တုံ့ကနဲ ပြန်ဆွဲလိုက်သည်ကို တွေ့ရ၍ ပြန်လှည့်ကြည့်လိုက်မှ ဘုန်းကြီးကျောင်းအဝင်တံခါးဝ ဖရိုဖရဲ ခြံခတ်ထားသည့် ဝါးချွန်မှ အစတစ်ခုနှင့် မိမိလုံချည်မှာ ငြိနေပြီး အတော်ပင် စုတ်ပြဲသွားသည်ကို တွေ့ရလေ၏။

ဤတွင် သည်းမခံနိုင်အောင် ဖြစ်လာကာ ဤမပြည့်မစုံနှင့် တစ်ထည်တည်းသာရှိသော လုံချည်ကိုမှ ဤဝါးချွန်ကလှမ်း၍ ချိတ်ဆွဲရမည်လောဟု စိတ်ထဲမခံချင်တိုင်း ဝါးကို တစ်ရှိန်တည်းခြေထောက်ဖြင့် လှမ်း၍ကန်လိုက်ရာ ညာဘက်က စီးထားသော လေယာဉ်ပျံဖိနပ် သဲကြိုးခေါင်မှာ ပြုတ်ထွက်ပြီး တစ်နေရာသို့ လွင့်စင်ခွဲခွာသွားလေ၏။

လုံချည်က ပြဲရာတွင် ဖိနပ်သဲကြိုးကပါ ပြုတ်ပြီးပစ်ပေးပြန်သောကြောင့် ရပ်တည်ရာမရနိုင်ဘဲ ဆောင့်ကြီးအောင့်ကြီးဖြင့် အကြီးနိုင်ဆုံးသောဒေါသကို ထားကာ ကျန်ဖိနပ်တစ်ဖက်ကိုပါ နင်လည်း အဝေးဆုံးနေရာကိုသွားရော့လဟယ် ဟုခြေထောက်ကို မြှောက်၍ ပစ်လိုက်ရာ ဖိနပ်မှာ သွားစေချင်သည့်နေရာသို့ မသွားဘဲ ကျွန်တော့်နဖူးကိုပင် ပြန်၍မှန်လျက် မြောက်တက်သွားပြီးမှ ထိပ်ပေါ်သို့ အရှိန်ဖြင့် ပြန်ကျလာသည့်အတွက် သည်းမခံနိုင်တော့သည့် အခြေသို့ ရောက်လာလေ၏။

သို့သော် သည်းမခံနိုင်သည့်အဖြစ်ကို တစ်စုံတစ်ရာ အပြင်ထုတ်၍ပြနိုင်စရာရှာမရသည့်အတွက်လည်း သာ၍ပင် လူမှာ နေရင်းထိုင်ရင်း ရှုံ့ရှုံ့ရှဲ့ရှဲ့ ဖြစ်လာလေ၏။ ဘာလုပ်ရမှန်း မသိလေလေလူမှာ အငြိမ်မနေ

mgyoe.com

mgyoe.com

နိုင်လေလေ ဖြစ်လေ၏။ ထိုအခိုက် ခွေးများဝိုင်းအုံလာပြီး ကျွန်တော့်အား ရန်ထောင်ကြလေတော့ရာ ကျွန်တော်လည်း ၎င်းတို့အနက် ရှေးဦးစွာ ထွက်လာဝံ့သော ခွေးနှင့်ပြိုင်၍ ကိုက်ရန်မြေကြီးပေါ်သို့ လေးဘက်ထောက် ကုန်းလိုက်ပြီးလျှင် ခွေးများထဲမှ ဗိုလ်ကောင်တစ်ကောင် ထွက်လာမည့် အခြင်းအရာကိုသာ စောင့်နေမိလေ၏။

ခွေးများမှာ ကျွန်တော်၏ လူလိုခုခံခြင်းကို စောင့်စားနေရာမှ ယခုကဲ့သို့ မမျှော်လင့်သည့် စစ်ပရိယာယ်နှင့် ရုတ်တရက် ရှောင်တခင် တွေ့ကြုံလိုက်ရသောအခါ အုံ့အားကြီးများ သင့်သွားသည့်အလား နောက်သို့ ဆုတ်သွားကြလေ၏။ ဤတွင် ကျွန်တော်ကိုယ်တိုင်လည်း နောက်သို့ ဆုတ်၍မရ၊ သင်းတို့ နောက်သို့ဆုတ်သွားခြင်းကိုလည်း မခံမရပ်နိုင်ရကား ခွေးမသားတွေ အကုန်သိမယ်ဟု ကြိမ်းဝါးလိုက်ပြီးနောက် ရှေ့သို့ လွှားခနဲ တက်ရောက်လိုက်လေ၏။

ခွေးများလည်း ကျွန်တော်နှင့် စစ်ဘက်ပြိုင်ရန် အားမတန်သည့်အလား နောက်သို့ဟောင်ရင်းပင် ဆုတ်ခွာသွားကြရာ ကျွန်တော်လည်း စိတ်မကျေသေးသဖြင့် လူလိုမတ်တတ်မရပ်လိုက်သေးဘဲ သင်းတို့နည်းတူပင် တစ်ရှိန်ထိုး သင်းတို့နောက်သို့ လေးဘက်ထောက်၍ လိုက်လေ၏။ ခွေး များမှာ ဤအချိန်တွင် ကစဉ့်ကရဲတပ်ပြိုကာ ကျောင်းအောက်ထပ်သို့ အတင်းဝင်ပြေးကြလေ၏။ သို့သော် ထိုသို့ထွက်ပြေးရသည့်တိုင် အရှုံးမပေးသေးသကဲ့သို့ ကျောင်းအောက်မှ ဆူညံစွာဟောင်နေကြပြန်ရကား။ သင်းတို့အာပြဲကို တစ်ခါတည်း ကိုက်ခဲပစ်လိုက်မည်ဟု ရှေ့သို့လေးဘက်ထောက်ပြီး ကုန်း၍လိုက်လာစဉ်၊

"ဟဲ့ ခွေးတွေ ဘာကြောင့် ဒီလောက်ဟောင်နေကြရတာလဲဟင်" ဟူ၍ မေးသံကို ကြားရပြီးနောက် ကျောင်းအောက်မှ ပန်းစည်းတစ်စည်းကို ကိုင်၍ထွက်လာသော မိန်းမပျိုတစ်ယောက်ကို မြင်လိုက်ရသဖြင့် ရှေ့သို့

mgyoe.com

mgyoe.com

တိုးပြီး လိုက်ဖို့ရန် သတိမရတော့ဘဲ လေးဘက်ထောက်ကြီးနှင့်ပင် မော့ကြည့်နေမိလေ၏။

မိန်းမပျိုလည်း ကျွန်တော့်အား မြင်ရသည့်အခါ အံ့အားကြီးစွာ သင့်ပုံရလျက်။ "သြော် . . . ဒါကြောင့်ကိုး" ဟု နှုတ်မှထွက်သွားပြီးမှ ဘယ်ကဲ့သို့သောလူများနည်းဟု အကဲခတ်နေဘိသကဲ့သို့ မျက်တောင်တစ်ချက်မျှ မခတ်ဘဲ ကြည့်နေသည်ကို တွေ့ရလေ၏။

"ရှင် ခွေးတွေကို ဘာလုပ်နေတာလဲ၊ ဘုန်းကြီးတွေ ပြန်မလာသေးဘူးဆိုပြီး လာရမ်းနေတာလား၊ ရှင် ဘယ်သူလဲ၊ ရှင်ဟိုဘက်ပိုင်းက မဟုတ်လား" ဟူ၍ မေးခွန်းများကို စက်သေနတ်ထဲတွင် ထည့်၍ မေးသည့်အလား၊ အဆက်မပြတ် မေးလိုက်လေ၏။

ကျွန်တော်လည်း ဤတွင်မှ လူလိုထရန် သတိရကာ ကိုယ်ကိုဆန့်တန်းလိုက်ပြီးနောက် "ဘာ" ဟု အရှည်ဆုံးသော မေးခွန်းများကို အတိုဆုံးသောအဖြေဖြင့် ဖြေလိုက်လေ၏။

"မဟုတ်ပါဘူး၊ ရှင်ဟိုဘက်ကပိုင်းက မဟုတ်လား၊ ကျွန်မ မြင်ဖူးသလိုလိုရှိလို့ ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ်လေ"

"ဟုတ်ပါတယ်၊ ဒါကြောင့် မြင်ဖူးသလိုလိုရှိတာပေါ့၊ ရှင့် နာမည်က . . ."

မိန်းမပျိုသည် ဆက်မပြောဘဲ ကျွန်တော်က ဖြည့်ပြီးပြောရန်အတွက် စောင့်နေလေ၏။

ကျွန်တော်ကား ကျွန်တော့်နာမည်ကို ယခုကဲ့သို့ ဖြစ်ပျက်ကြုံတွေ့လာရပြီးမှ ဘာမျှမဖြစ်ဘိသကဲ့သို့ သုံးစွဲပြောဆိုရန် အလွန်ခဲယဉ်းနေသည့်အတွက် အခက်ကျကာ မိန်းမပျိုကိုသာ စူးစိုက်ကြည့်နေမိလေ၏။

"ကျွန်မ ရှင့်နာမည်ကို မေးနေတယ်ရှင့်" ဟု မိန်းကလေးက ထပ်၍

mgyoe.com

mgyoe.com


ပြောလေ၏။ စောစောက သုံးရက်လကွဲသို့ ခုံးနေသော မျက်ခုံးသည် အပေါ်က နဖူးရေ၏အလေးဒဏ်ကို မခံနိုင်သည့်အလား နေရာများစွာ တွင် တွန့်ပြီး ဝင်သွားသည်ကို တွေ့မြင်ရလေ၏။

ဤသူငယ်မကား မဖြေမချင်း မေးနေမည့်သူငယ်မဖြစ်ပုံရလေ၏။ ၎င်း၏အမူအရာမှာ အမိန့်ပေးနေလျက်နှင့်ပင် အမိန့်ပေးနေပုံမရ။

"ရှင်ဟာ လူထူးတစ်ယောက်ပဲ၊ အခုနကလည်း လူနဲ့မတူတဲ့ အလုပ် တစ်ခုကို လုပ်နေတာ တွေ့ရတယ်၊ အခုလည်း . . ."

ကျွန်တော်သည်းမခံနိုင်ပြီ။ သို့သော် ဤတစ်ကြိမ် သည်းမခံနိုင်ခြင်း ကား စောစောက သည်းမခံနိုင်ခြင်းမျိုးမဟုတ်။ ကျွန်တော် ထုတ်ဖော် ဖွင့်ဟမရေးတတ်သော သည်းမခံနိုင်ခြင်းမျိုး ဖြစ်လေ၏။ သို့ဖြစ်၍ ရှေ့သို့ လျှင်မြန်သော ခြေလှမ်းများဖြင့် လှမ်းသွားကာ ဘာတစ်စုံတစ်ခုကို လုပ်ရမှန်းမသိသည့်အတိုင်း ပါးစပ်မှသာ . . .။

"ဘာပြောတယ်"

"ရှင့်မှာ နာမည် မရှိဘူးလား"

"ရှိသားပဲ"

"နို့ ဘာဖြစ်လို့ မပြောနိုင်ရတာလဲ"

"မပြည့်စုံလို့"

"အလို ဘယ့်နှယ့်ဟာလဲ၊ ဘာ မပြည့်စုံလို့ ကိုယ့်နာမည်တောင် ကိုယ် မပြောနိုင်ရတာလဲ"

"ဘာမှ မပြည့်စုံလို့၊ ကဲ သိပြီလား" ဟု ကျွန်တော်လည်း တစ်ခါ တည်း ရှင်းပြလိုက်လေ၏။

"ဟင့်အင်း" ဟု မိန်းမပျိုက ခေါင်းကလေးခါပြီး ပြောလိုက်သော အခါ ကျွန်တော့်မှာ ဒေါသထွက်လာလျက် . . .

"ဗျို"

mgyoe.com

 e.com 

"ဘာဗျိုလဲ၊ လူပျိုလား"ဟု မိန်းကလေးကလည်း ဣန္ဒြေကို အသာ ဖယ်ထားပြီး ပထမဆုံးအကြိမ်ပြုံးပြီး မေးလိုက်လေ၏။

စောစောက ခွေးများမှာ ကျွန်တော်၏ လှျပ်တစ်ပြက်စစ်ပရိယာယ် ကို တွေ့ရ၍ လန့်ပြီးနောက်ဆုတ်သွားကြ၏။ ယခုမူ ကျွန်တော့်မှာ မိန်းမပျို၏ လျှပ်တစ်ပြက်စကားပရိယာယ်ကို ကြားရ၍ ကြိုက်ပြီး ရှေ့တိုး လာမိလေ၏။

"ဟုတ်တယ်၊ ဒါလဲ မပြည့်စုံတာတစ်ခုပဲ"

"လာလာသေးတယ်၊ ဒါပြင် ဘာများ မပြည့်စုံသေးသလဲ"

"နာမည်ကလွဲပြီး ဘာမှ မပြည့်စုံဘူး"

"နာမည်က ဘာမို့လို့လဲ၊ ကိုပြည့်စုံမို့လို့လား"

ဤတစ်ကြိမ်တွင် ကိုပြည့်စုံဟူ၍ ကြားလိုက်ရခြင်းအတွက် စောစော ကလို ဒေါသမထွက်မိသည့်အပြင် ယခုတစ်ကြိမ် ကြားရမှ အသံမှာ ပိုမို ပြည့်စုံလာသည်ဟု မှတ်ထင်ရသည့်အတိုင်း ထပ်၍ ကြားချင်စိတ်များပင် ဖြစ်ပေါ်လာလေ၏။

"ခင်ဗျား ပညာရှိပဲ"ဟု ကျွန်တော်လည်း ပြောမိလျက် ပညာ့အပြင် ရုပ်ရည်လည်း ရှိပါကလားဟု တစ်ချက်တည်း တွေ့မြင်တွေးတောမိ လေ၏။

"ရှင် လူဆန်းပဲ၊ ရှင့်လို လူမျိုး တစ်ခါမှ မတွေ့ဖူးဘူး"

"ဘာလဲ အခုနခွေးလို ကိုက်နေတာတွေ့လို့လား" ဟု ကျွန်တော် လည်း ခပ်ရှက်ရှက်ဖြင့် ရှိမ်းတိမ်းတိမ်းဖြစ်ကာ မေးလိုက်မိလေ၏။

"ဒါလဲ တစ်မျိုးပဲ၊ ခွေးကို လူတိုင်းလိုက်မကိုက်နိုင်ဘူး"ဟု မိန်းမပျို ကလေးက ခပ်ရိုးရိုးကလေးပင် ပြောပြရာ စောစောက ရှက်စိတ်များ ပျောက်လွင့်သွားလျက် ဂုဏ်များပင်တက်လာကာ မိန်းမပျိုကလေး အနားသို့ လူချင်းထိလုနီးသည့်တိုင်အောင် ပိုမိုချဉ်းကပ်သွားမိလေ၏။

mgyoe.com

mgyoe.com


ဤတွင် မိန်းမပျိုကလေးလည်း နောက်သို့တစ်လှမ်းဆုတ်လျက် "ဘာလဲ ကျွန်မကို ကိုက်ဦးမလို့လား" ဟု ပြုံးစနဲ့နဲ့ လုပ်ပြီး မေးလိုက်ရာ...

"မဟုတ်ဘူး ခင်ဗျားနဲ့ ကိုက်လို့"

"ဘာ ရှင် ကျွန်မကို ခွေးဖြစ်အောင် ဆွဲထည့်တာလား"

"မဟုတ်ပါဘူး၊ မဟုတ်ပါဘူး၊ အထင်မလွဲပါနဲ့၊ ကျုပ်ရဲ့ ခွေးဇာတ်ဟာ ခင်းပြီးသွားပါပြီ"

"ရှင် စကားပြောတာ အဆန်းပဲ"

"ကျုပ်အကြောင်း သိရရင် ရိုးသွားမှာပဲ"

"ဆိုစမ်းပါဦး"

(ကျွန်တော်လည်း ခွေးများနှင့် တွေ့ရသည်အထိဖြစ်သမျှ ပြောပြလေ၏။ မိန်းမပျိုကလေး၏ မျက်နှာမှာ စောစောက ညှိုးသလိုလို ဖြစ်နေရာမှ ကျွန်တော့်ဇာတ်လမ်းအဆုံးတွင် ပြုံးလာလျက်)

"ဩော် ဒီလိုကိုး၊ ဒါဖြင့် ရှင့်နာမည်နဲ့လိုက်အောင် ဖြစ်ရပါစေမယ်"

"ဘာ"

"ရှင် 'ဘာ' ဆိုတဲ့ စကားတစ်လုံးကို ဒီလောက်ကျယ်ကျယ်ပြောနိုင်အောင် ဘယ်နေရာမှသွားပြီး ကျင့်ထားသလဲ၊ ပြောမှာ နားထောင်စမ်းပါဦး၊ ရှင့်မိဘအိမ် သွားပြီး သိမ်းတယ်ဆိုတာ တခြားမဟုတ်ဘူး၊ ကျွန်မ ဖေဖေပဲ"

"ဟင် . . ."

ဩော် ဒီ 'ဟင်' ဆိုတဲ့ စကားလည်း ကျင့်ထားသကိုး၊ ဟုတ်တယ်၊ ဟုတ်တယ်၊ ကျွန်မဖေဖေပဲ၊ ဒါပေမဲ့ ကျွန်မဖေဖေဟာ ဒီလောက် သဘောထား မဆိုးပါဘူး၊ ကျွန်မပြောပြရင် ရှင့်ဥစ္စာတွေကို အကုန်ပြန်ပေးမှာပါပဲ၊ ဒီလိုဆိုရင် ရှင့်နာမည်နဲ့လိုက်အောင် ပြည့်စုံသွားမယ် မဟုတ်လား"

"ဟင့်အင်း ပြည့်စုံမှာ မဟုတ်ဘူး"

mgyoe.com

mgyoe.com.

"ဘယ်နှယ့်လဲရှင် ရှင်စောစောတုန်းက ပြောတော့ တစ်မျိုးပါလား"

"ဟုတ်တယ်"

"ဟင် ဘယ့်နှယ့်ဟာလဲ"

"ဟုတ်တယ် စောစောကပြောတော့ တစ်မျိုးပဲ၊ အခု တစ်မျိုးဖြစ်သွားပြီ"

"အလို ရှင် လူဆန်းပဲ"

"ဟုတ်တယ်၊ ကျုပ် အခုအချိန်မှာမှ ဘယ်လောက်ဆန်းတယ်ဆိုတာ သိရတာပဲ"

"ဆိုစမ်းပါဦး"

"ဆိုရမယ်လား၊ အင်း ဆိုရမယ်ဆိုရင် နေပါဦးလေ၊ မဆိုခင်ကို ခင်ဗျား အဖေဟာ သဘောထား မဆိုးဘူးနော်၊ ခင်ဗျားပြောရင် ဘာမဆို ပေးမှာပဲနော်"

"အို ဒါအတွက် စိတ်ချပါ၊ ကျွန်မ တာဝန်ထားပါ"

"ကဲ ဒါဖြင့် ပြောမယ်၊ ခင်ဗျားအတွက် စိတ်ချမယ်နော်"

မိန်းမပျိုမှာ တွေဝေနေ၏။ နောက်မှ တွေးမိသကဲ့သို့ နီမြန်းသော မျက်နှာကလေးဖြင့် ကျွန်တော့်ဘက်လှမ်းကြည့်ပြီး "ရှင် တော်တော် လာတဲ့လူပဲ" ဟု ပြောလိုက်လေ၏။

"မလာရသေးပါဘူး၊ လာခွင့်ပေးရင်ဖြင့် တော်တော်လာတာကို သိရမှာပဲ၊ ဘယ့်နှယ့်လာရမလား"

မိန်းမပျိုလည်း စကားကိုရှည်ရှည်ဝေးဝေးကြီး ပြောရမည်မှာ အာ ညောင်းလာသကဲ့သို့ "ကဲ လာပါရှင်၊ လာပါ" ဟု ပြောလိုက်လေ၏။

ကျွန်တော်လည်း ဤတွင် လက်ကလေးကို ကိုင်ခါ "တကယ်နော်" ဟု စိတ်အားထက်သန်စွာဖြင့် မေးလိုက်လေ၏။

"အို အလကားပြောပါ့မလား၊ နောက်တော့သာ . . ."

mgyoe.com

mgyoe.com

"ဟာ ဒီစကားမပြောပါနဲ့၊ ကျုပ် မခံနိုင်ဘူး၊ ဒါနဲ့ ခင်ဗျားနာမည် ဘယ်သူ . . ."

"သိပ်တော်တဲ့လူပဲ၊ လူကို အပိုင်ကြံပြီးတော့မှ နာမည် ဘယ်သူလဲတဲ့"

"မဟုတ်ပါဘူး"

"ဘာ မဟုတ်ပါဘူးလဲ၊ မဟုတ်ဘူးလား"

"ဘယ်လိုခေါ်ရမလဲ၊ ကိုယ့်မိန်းမနာမည် ကိုယ်မသိဘဲ ဖြစ်ပါ့မလား"

"အလို လာလှချည့်လား၊ ကဲ ရှည်တော်မမူနဲ့၊ တစ်ခါတည်း မှတ်မိအောင် မှတ်ထား၊ မလှဝင်းတဲ့"

"အို လူနဲ့ သိပ်လိုက်တဲ့နာမည်ကလေးပဲ၊ နာမည်ကလဲ . . ."

"ဘာ နာမည်ကလဲ၊ အခုနာမည်ဆိုတာ ကောင်းသွားပြီလား"

"စောစောက ကျုပ်နားမလည်လို့ အခု အဘကို ကျေးဇူးတင်ရမှန်း သိပြီ"

"ဘာဖြစ်လို့လဲ"

"အခုမှ ကျုပ်တကယ့် မောင်ပြည့်စုံဖြစ်လာတာပဲ၊ မဟုတ်ဘူးလား ကျောင်းအစ်မ"

"အို တော်ပါ၊ လာ . . . ကုသိုလ်ရအောင် ဟောဒီပန်းတွေ ဘုရားသွားတင်ရအောင်"

"ဩော် နောက်ဘဝတွေအတွက်ပါ စရန်ရိုက်တော့မလို့ ထင်ပါရဲ့"

"အောင်မာ သူကပဲ တစ်ပြန်ကြီး"

"မဟုတ်ဘူး၊ မဟုတ်ပါဘူး၊ အထင်မလွဲပါနဲ့၊ ဒီဘဝသာ မဟုတ်ဘဲ နိဗ္ဗာန်မရောက်မီစပ်ကြား"

"အို တော်ပါရှင်၊ သိပ်အာဝဇ္ဇန်းရွှင်တဲ့လူပဲ၊ ဒါနဲ့များ အဖေ့အလောင်း အခုပဲ မြေချပစ်ခဲ့သတဲ့"

"အို ဟုတ်သားပဲ၊ ကျုပ်မေ့သွားတယ်" ဟု ပြောပြီး ကျွန်တော်လည်း

mgyoe.com

mgyoe.com

မေ့ပြီး ရွှင်ရွှင်ပျပျနေမိရာမှ ရုတ်တရက် ကိုယ်ရှိန်သတ်လိုက်ရလေ၏။ ရုတ်တရက် ဝမ်းနည်းသွားမိပြန်လေ၏။ ဤအခြင်းအရာကို မြင်၍လားမသိ။

"အို ကျွန်မ ရှင့်ကိုထိခိုက်အောင် တမင်ပြောတာ မဟုတ်ပါဘူး။ ကျွန်မပြောတာ မှားသွားတယ်" ဟု ပြောလိုက်သဖြင့် မျက်နှာကလေးကို စိုက်ကြည့်လိုက်ရာ အနည်းငယ်ညှိုးသွားလျက် မျက်ရည်ကလေးများ ဝဲနေသည်ကို တွေ့ရသဖြင့် လျင်မြန်စွာ . . .

"မမှားပါဘူး၊ အဟုတ်သားပဲ၊ ကျုပ်က ရုတ်တရက်မို့ မေ့ပြီး ဝမ်းသာသွားတယ်"

"ဩော် ကြာရင်တော့ ဝမ်းမသာဘူးပေါ့၊ ဟုတ်လား၊ ဒီလိုဆိုလိုတာလား"

မျက်နှာတွင် ပြုံးယောင်ကလေး ပြန်ပြီး သန်းလာသည်ကို တွေ့ရသဖြင့် ကျွန်တော်လည်း "ကြာရင် အခုထက် ဝမ်းသာမှာပေါ့၊ ကျုပ်တို့ ချည်း မဟုတ်ဘဲ၊ သားတွေ၊ မြေးတွေ၊ မြစ်တွေနဲ့ တစ်သိုက်"

"ကြည့် . . . ကြည့် စောစောကတော့ သူများကို နောက်ဘဝတွေ အတွက်ပါ စရန်ရိုက်တာလားတဲ့၊ သူကတော့ ဆွေ ၇ ဆက်အထိကြည့်ပြီး ပြောနေတယ်။ ကဲ လာပါ၊ တော်ကြာ ဘုန်းကြီးတွေ ပြန်ကြွလာတော့ ဘုရားထဲမှာ မရှင်းဘဲနေလိမ့်မယ်" ဟု ပြောပြောဆိုဆို ရှေ့က သွားသောကြောင့် ကျွန်တော်လည်း နောက်ကလိုက်ရန် ပြင်လေ၏။

နောက်မှ သတိရ၍ကြည့်လိုက်ရာ စောစောက ကျွန်တော့်အား ရန်သတ္တာပြုခဲ့သော ခွေးများမှာ ဘယ်အချိန်က အဟောင်းရပ်လိုက်သည်မသိ။ ကျွန်တော်တို့နှစ်ယောက်အား မနီးမဝေးမှ လျှာတထုတ်ထုတ် သွားရည်တမျှားမျှားကျလျက် အမြီးတနှံ့နှံ့ဖြင့် ဝိုင်းကြည့်နေကြသည်ကို တွေ့မြင်ရသောကြောင့် "ခွေးမသားတွေ သိပ်လူပါးဝတာပဲ" ဟု နှုတ်မှ မခံချည့်

mgyoe.com

mgyoe.com

မခံသာ ထုတ်ဖော်ပြောဆိုလိုက်မိလေ၏။

ဤတွင် ရှေ့ကသွားနေသော မလှဝင်းလည်း ဆတ်ခနဲ ကျွန်တော့်ဘက်သို့ ပြန်လှည့်လိုက်လျက် မျက်စိမျက်နှာပျက်ပျက်ဖြင့်။

"ရှင် ဘာပြောလိုက်တယ်၊ ဘယ်သူ့ကိုလဲ ခွေးမသားတွေ၊ လူပါးဝတယ်ဆိုတာ ဘုန်းကြီးတွေကိုလား"

ဤတွင် ကျွန်တော်လည်း ထိတ်လန့်တကြား မျက်လုံးများပင် ပြူးသွားကာ "မဟုတ်ပါဘူး၊ မဟုတ်ပါဘူး" ဟူ၍ သွက်သွက်ကြီး အပြေးအလွှား ပြောလိုက်ရလေ၏။

သို့သော် မလှဝင်းကား မကျေနပ်သေးသကဲ့သို့ "မဟုတ်ရင် ရှင့်စကား ရှင် ရှင်း၊ ရှင့်စကားကို ကျွန်မ နားမလည်ဘူး" ဟု ခပ်ဆတ်ဆတ်ပင် ပြောသည့်အတွက်။

"အမလေး အထင်မလွဲပါနဲ့ ကျောင်းအစ်မရာ၊ ဘုန်းကြီးတွေကို မပြောရရိုးအမှန်ပါ၊ ဟိုခွေးမသားတွေကို ပြောတာပါ" ဟု ပြောပြောဆိုဆို ကျွန်တော်တို့နှင့် မလှမ်းမကမ်းတွင် ကျွန်တော်တို့အား လျှာတထုတ်ထုတ်သွားရည်တမျှားမျှား အမြီးတနံ့နံ့နှင့် ဝိုင်းကြည့်နေသော ခွေးများကို အမြန်လက်ညှိုးထိုးပြမှ မလှဝင်းလည်း ကျေနပ်သက်သာရာ ရသွားသကဲ့သို့ မျက်နှာကလေးပြန်ပြုံးလာလျက်။

"သြော် ကျွန်မက ဘုန်းကြီးတွေအကြောင်း ပြောနေလို့ ဘုန်းကြီးတွေကိုများ ပြောလိုက်သလားလို့၊ ခွေးတွေကို ရှင်အခုထက်ထိ အငြိုးကြီးနေတုန်းပဲလား"

"အို မဟုတ်ပါဘူး၊ သင်းတို့ လူပါးဝတာကိုသာ ပြောတာပါ"

"ဘာလူပါးဝလို့လဲ"

"ကြည့်လေ ဝင်းနဲ့ ကျုပ်နဲ့လည်း . . ."

"အမယ် လူကို ဝင်းလေး ဘာလေးနဲ့၊ ကဲပါ လာပါ ဒါနဲ့ ဘုန်းကြီး

mgyoe.com

mgyoe.com

တွေ ပြန်ရောက်တော့မယ်" ဟု ရှေ့က ဆက်လက်သွားသောကြောင့် ကျွန်တော်လည်း ခွေးများဘက် တစ်ချက်ပြန်လှည့်ကြည့်ရင်း သူ့နောက်က လိုက်သွားရပေတော့သတည်း။

ဂျာနယ်ကျော်၊ တွဲ–၂၊ အမှတ် ၁၊
၁၀ နိုဝင်ဘာ ၁၉၄၅။

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အပျို လူပျိုများ ဖတ်ရန်မဟုတ်သောစာ

တားလျက်နှင့် ဖတ်၍ ဒေါသဖြစ်လျှင်

စာရေးသူ၏ တာဝန်မဟုတ်

ရေးသူ။ ။ ရွှေလင်းယုန်

mgyoe.com

mgyoe.com

တွက်ချက်ပြသထားသော ဂဏန်းများမှန်သည်၊ မမှန်သည်ကို အပထား၍ ယောကျ်ားပျိုကလေးများ၊ မိန်းမပျိုကလေးများ တစ်နှစ်တစ်နှစ် သုံးစွဲသောငွေမှာ မနည်းရာ။ စာရေးသူ၏ ရည်ရွယ်ချက်မှာ ထို အကုန်အကျများကို မိဘရှင်များ သိမြင်လျှင် သားပျို သမီးပျိုများအား လျင်မြန်စွာ နေရာချထားစေရန် ဖြစ်၍ လေးနက်စွာ စဉ်းစားကြရန်ပင် ဖြစ်ပေသည်။

**အယ်ဒီတာ**

အမှာ။ ။ ဤစာမှာ သားရှင် သမီးရှင်ဖြစ်သော မိဘများသာ ဖတ်ရှုရန် ရည်ရွယ်ရေးသားထားသော စာဖြစ်ရာ။ အကယ်၍ ဤစာကို အပျို လူပျိုများ ဖတ်ရန်မဟုတ်ဟု ကြိုတင်တားမြစ်ထားပါလျက် မနေနိုင်ဘဲ အပျိုလူပျိုတို့ ဖတ်ရှုကြည့်သဖြင့် များစွာမခံမရပ်နိုင်အောင်ဖြစ်လျှင် စာရေးသူ၏ တာဝန်မဟုတ်ကြောင်း စောစောက သတိပေးလိုက်ရပေသည်။

**စာရေးသူ**

mgyoe.com

mgyoe.com

*သားရှင်၊ သမီးရှင် မိဘများခင်ဗျား။*

လူကြီးမင်းတို့သည် သီတင်းဝါလကျွတ်ခြင်းအတွက် အခြားသူများ ထက် ပို၍ဝမ်းမြောက်ဝမ်းသာ ဖြစ်သင့်ပါသည်။ သားပျို သမီးပျိုများရှိ လျှင် အချိန်မနှောင်းစေဘဲ ခပ်မြန်မြန်နေရာချထားလိုက်ကြရန် နှိုးဆော် တိုက်တွန်းလိုပါသည်။ ယခုအခါ သတင်းစာများတွင် စေ့စပ်ကြောင်းလမ်း ခြင်း၊ ထိမ်းမြားမင်္ဂလာပြုခြင်းသတင်းများကို နေ့စဉ်နှင့်အမျှ တွေ့မြင်စ ပြုလာပြီဖြစ်၍ ထိုသို့မြန်မြန်နေရာချထားလိုက်သော မိဘရှင်များအတွက် ဝမ်းသာမိပါသည်။

သီတင်းကျွတ်ပြီဖြစ်လျက် သားပျို၊ သမီးပျိုများကို နေရာချထားရန် နှောင့်နှေးနေသော လူကြီးမိဘများ သတိပြုမိမည်မထင်သော အချက်တို့ ကို ဖော်ပြလိုပါသည်။ လူကြီးများ၌ သားပျိုတစ်ယောက်ရှိလျှင် ထိုသား ပျိုသည် လူပျိုလူရွယ်တို့၏ ဓမ္မတာအလျောက် မိန်းမပျိုတစ်ယောက် ယောက်ကို မုချဧကန်စွဲစွဲလမ်းလမ်း ပိုးပန်းပါလိမ့်မည်။ ပိုးခြင်းကိစ္စမှာ လူကြီး များ၏ အလုပ်မဟုတ်။ လူငယ်တို့၏ ကိစ္စပင်ဖြစ်သော်လည်း ပိုးခြင်း ကိစ္စကို လူငယ်ကဆောင်ရွက်ရာ၌ လူကြီးများက ဝင်၍ ပန်းနေရခြင်းကို သတိပြုဆင်ခြင်ကြရန် ဖြစ်ပါသည်။ သားဖြစ်သူက မိန်းမပျိုတစ်ယောက် တွင်မကဘဲ မြင်မြင်သမျှကို လိုက်လံပိုးနေလျှင် မိဘများမှာ မည်မျှလောက် ပန်းကြမည်ကိုလည်း စဉ်းစားဆင်ခြင်ကြည့်ပါဦး။

mgyoe.com

mgyoe.com


စကားပမာ၊ ရန်ကုန်မြို့တွင် လူကြီးများ၏ သားပျိုသည် အကြင်မိန်းမပျိုကလေးတစ်ဦးတည်းကို လွန်ခဲ့သည့်နှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့က စတင်တွေ့မြင်၍ မျက်စိကျကာ မေတ္တာသက်ဝင်သည်ဟု ထားပါဦး၊ ယခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့တွင်မှ ထိုမိန်းမပျိုကလေးနှင့် နေရာမကျသေးလျှင် နေရာမကျသေးမချင်း ဆက်လက်ပိုးရာ၌ မိဘများ အဘယ်မျှ ပန်းကြရမည်ကို သိရှိစေရန် တစ်နှစ်တွက်တာ (သားက) ပိုး၍ (မိဘများက) ပန်းရသော စရိတ်ကို သေချာစွာတွက်ချက်ပြသပါအံ့။

ယောကျ်ားပျိုတစ်ဦး၏ တစ်နှစ်အတွက် ပိုးပန်းစရိတ်

| | |
|---|---|
| မိန်းမပျိုကို မြင်သည့်နေရာကစ၍ မမြင်ရတော့သည့် | |
| နေရာအထိ လံချားနှင့် လိုက်ရသောစရိတ် | ၁၈၂–၈–၀ |
| ရှပ်အင်္ကျီအယဉ်အဆန်း(တစ်လ လေးထည်) | ၁၈၀–၀–၀ |
| ရှပ်အင်္ကျီများကို ပင်မင်းပေးကော်တင်ခ | ၄၅–၁၀–၀ |
| ပုဆိုးအသစ်(တစ်လ ၂ ထည်) | ၁၄၄–၀–၀ |
| ပုဆိုးအဟောင်းပင်မင်းပေးခ | ၄၀–၈–၀ |
| ၎င်းဆေးဆိုးခ | ၂၄–၀–၀ |
| တိုက်ပုံအင်္ကျီ(တစ်လအသစ်အဆန်းတစ်ထည်) | ၁၄၇–၀–၀ |
| ၎င်း ပင်မင်းခ | ၁၂–၀–၀ |
| ဆံသကော့စမက်တစ်ဖယောင်းမွှေး(တစ်လနှစ်တောင့်) | ၁၅–၀–၀ |
| ဆံသဆီမွှေး (တစ်လတစ်ပုလင်း) | ၁၅–၀–၀ |
| ဆံပင်ညှပ်ခ (တစ်လ နှစ်ခါ) | ၁၂–၀–၀ |
| ဆံပင်ညှပ်ရန် လံချားနှင့် သွားခ | ၆–၀–၀ |
| နှုတ်ခမ်းမွှေး မုတ်ဆိတ်မွှေးရိတ်ခ(တစ်လတစ်ကျပ်နှုန်း) | ၁၂–၀–၀ |

mgyoe.com

| | |
|---|---|
| ရေမွှေး (ပျမ်းမျှခြင်း တစ်လတစ်ပုလင်း) | ၃၀–၀–၀ |
| ပေါင်ဒါ (ကိုယ်လိမ်း) | ၅–၄–၀ |
| ငှင်း (မျက်နှာလိမ်း) | ၅–၀–၀ |
| ပန်းခြံသွားပြီး ခြေသည်းလက်သည်းလှီးခနှင့် နားဖာချေးကလော်ခ (လံချားခပါ) | ၉–၀–၀ |
| ကိုယ့်ရှူးဖိနပ် (တစ်လအသစ်တစ်ရံ) | ၄၅–၀–၀ |
| စတိုင်နှင့် စီးရန် ရှူးဖိနပ် (တစ်နှစ်အတွက် ၆ ရံ) | ၅၀–၀–၀ |
| ရှူးဖိနပ်ပြောင်နေအောင် တိုက်ရသည့်ဆေးဘူးဖိုး | ၃–၈–၀ |
| ကတ္တီပါပိန်းတန်းဖိနပ် (တစ်နှစ် ၃ ရံ) | ၄–၈–၀ |
| စီးကရက် (ရိုးရိုးသောက်လျှင် တစ်နေ့တစ်ဘူး၊ ယခု ဟန်လုပ်၍မတိုခင် လွှင့်ပစ်ရသဖြင့် တစ်နေ့နှစ်ဘူး) | ၁၅၉–၁၁–၀ |
| စတိုင်နှင့် အပျိုရှေ့တွင် ဖွင့်ရန် စီးကရက်ဘူး အသစ်အဆန်း (တစ်နှစ် လေးမျိုး) | ၃၀–၀–၀ |
| ပိုးလက်ကိုင်ပဝါ (အသေးအကြီး ၆ ဒါဇင်) | ၂၇–၀–၀ |
| စာရေးစက္ကူချောနှင့် ရောင်စုံစာအိတ်ချော (လက်ရေးမလှ၍ ဆုတ်ပစ်ရခြင်း၊ စာရေးပုံနေရာမကျ၍ ဖြုပစ်ရခြင်း စသည်တို့အတွက် တစ်လလျှင် ၃ စုံ) | ၈၃–၀–၀ |
| တစ်နေ့ စာထူထူကြီးတစ်စောင်ကျပို့ရသည့်အခ | ၄၅–၁၀–၀ |
| မိန်းကလေးထံမှ ခေါင်းမပါသောစာကို ရွေးယူရသည့် အခ | ၆–၀–၀ |
| မိန်းကလေးထံမှ စာမှန်မှန်လာစေရန် စာအိတ်ထဲ၌ ထည့်ပြီးပေးရသော တံဆိပ်ခေါင်းဖိုး | ၂၅–၁၃–၀ |
| မိန်းကလေးနှင့် နီးစပ်သူများနှင့် ရင်းနှီးရန်အမျိုးမျိုး အကုန်အကျခံရသောစရိတ် (တစ်လလျှင် ပျမ်းမျှခြင်း ၁၅) | ၁၈၀–၀–၀ |

mgyoe.com

mgyoe.com

| | |
|---|---|
| အချစ်နှင့်ပတ်သက်ပြီး ဆည်းပူးရန် ဝယ်ယူဖတ်ရှုရသောစာအုပ်ဖိုး | ၁၈–၀–၀ |
| မိန်းကလေးကိုပိုးပန်းပြီး ဝယ်ယူပေးရသော ဝတ္ထု၊ မဂ္ဂဇင်း စသော စာအုပ်များ (တစ်လလျှင် ၅ ဖိုး) | ၆၀–၀–၀ |
| မိန်းကလေးကို ပိုးပန်းပြီး ပေးရသော စားဖွယ်သောက်ဖွယ်နှင့် မိန်းမအသုံးအဆောင် ပေါင်ဒါ၊ မျက်နှာချေ၊ ရေမွှေး စသည်များ | ၃၂၀–၀–၀ |
| မိန်းကလေးနှင့်အတူ ပွဲလမ်းသဘင်များသို့ သွားရောက်စားသောက်သုံးစွဲကြသောစရိတ် (တစ်လ ၂ ကြိမ်) | ၂၄၀–၀–၀ |
| **စုစုပေါင်း** | ၂၁၈၆–၀–၀ |

တစ်နှစ်အတွက် ပိုးပန်းကြေး ၂၀၀၀ိ ကျော်ဆိုသည်မှာ မနည်းပါ။

မိန်းမပျိုကလေးဘက်ကကြည့်လျှင်လည်း လွန်ခဲ့သည့်တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့မှ ယခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့အထိ တစ်နှစ်အချိန်ကာလအတွင်း အနည်းဆုံး အောက်ပါအတိုင်း သုံးစွဲကုန်ကျမည် အမှန်ပင် ဖြစ်ပါသည်။

**မိန်းမပျိုကလေးတစ်ဦး တစ်နှစ်အတွက် ကုန်ကျစရိတ်**

| | |
|---|---|
| ဆံသ ဆီမွှေး(၃ လလျှင် ၂ ပုလင်း) | ၁၅–၀–၀ |
| ဘီးသစ်ဘီးဆန်း (၂ လ တစ်ချောင်း) | ၂၀–၀–၀ |
| စက္ကူပန်းအဆန်းအမျိုးမျိုး | ၁၅–၀–၀ |
| ဆံပြိတ်တစ်ထုံး | ၅–၀–၀ |
| ဆံထုံး ထုံးရန် ဘီးကလေးများ | ၄–၀–၀ |
| ဆံထုံးခံဘကိုက် | ၅–၀–၀ |

mgyoe.com

mgyoe.com


| | |
|---|---|
| ဖဲကြိုးအနက် တစ်လတစ်ကိုက် | ၃-၀-၀ |
| ပေါင်ဒါ (ကိုယ်လိမ်းရန် ၂ လ တစ်ဘူးကျ၊ အကယ်၍ ယောကျ်ားပျိုက လက်ဆောင်ပေးလျှင်လည်း ဤဘက်က အကုန်အကျများစွာ သက်သာသွားလေသည်) | ၅-၄-|
| မျက်ခုံးမွေးဆွဲဆေး (တစ်တောင့်) | ၃-၀-၀ |
| မျက်နှာချေ (တစ်လ ၁၂ ထုပ်) | ၃၆-၀-၀ |
| မျက်နှာလိမ်းပေါင်ဒါ (နှစ်လ တစ်ဘူးကျ) လူပျိုဆီမှ လက်ဆောင်ရသည့်အခါ ဤဘက်က သက်သာသွားမည်) | ၁၅-၀-၀ |
| နှုတ်ခမ်းနီအောင် ဆိုးဆေး (၃ လ တစ်ဘူး) | ၈-၀-၀ |
| အလှဆီ (တစ်နှစ် ၆ ဘူး၊ ရည်းစားထံမှ လက်ဆောင်ရလျှင်လည်း ဤမျှ ကုန်ကျဖို့မရှိ။) | ၅-၈-၀ |
| ပုလဲပုတီး | ၅-၀-၀ |
| လည်ဆွဲပုတီးအမျိုးမျိုး | ၅-၀-၀ |
| ကြယ်သီးရောင်စုံ | ၁၀-၀-၀ |
| ဘော်ဒီ (အထည် ၂၀) | ၄၀-၀-၀ |
| အပေါ်အင်္ကျီ (ပဒုမ္မာ ၃ အုပ်) | ၅၃-၀-၀ |
| ၎င်းချုပ်ခ၊ ပန်းထိုးခ | ၃၀-၀-၀ |
| လုံချည် (တစ်လ ၂ ထည်ကျ) | ၁၈၀-၀-၀ |
| ၎င်းပန်းထိုးခ | ၃၀-၀-၀ |
| လက်ကိုင်ပဝါ (၃ ဒါဇင်၊ ရည်းစားထံမှ လက်ဆောင်ရလျှင် သက်သာမည်) | ၆-၀-၀ |
| ရေမွှေး (တစ်လ တစ်ပုလင်း၊ ရည်းစားထံမှ လက်ဆောင်ရလျှင် သက်သာမည်) | ၃၀-၀-၀ |
| ထီး (၃ လက်) | ၁၄-၄-၀ |

mgyoe.com

mgyoe.com

| | |
|---|---|
| ဖိနပ် တစ်လ တစ်ရံ | ၁၈-၀-၀ |
| လည်စည်းရောင်စုံ (၁၂ ပိုင်း) | ၁၈-၀-၀ |
| မျက်ခုံးမွှေးနှုတ်ဇာဂနာ (တစ်နှစ် ၄ ချောင်း) | ၀-၄-၀ |
| တို့ပတ် (ယောကျ်ားဝတ် စွပ်ကျယ် တစ်ထည်စာ) | ၀-၈-၀ |
| တစ်ပတ်တစ်ခါ ခေါင်းလျှော်သည့် တရော်ကင်ပွန်းသီးဖိုး | ၃၀-၀-၀ |
| ချိတ် (၆ ကပ်) | ၀-၁၂-၀ |
| လက်ကိုင်အိတ် (၂ အိတ်) | ၃၆၀-၀-၀ |
| ဆံညှပ် (တစ်နှစ် အထုပ် ၃၀) | ၃၀-၀-၀ |
| သွားတိုက်ဆေး (၁၂ ဘူး) | ၆၀-၀-၀ |
| သွားပွတ်တံ (၂ ချောင်း) | ၃-၁၂-၀ |
| မျက်နှာပွတ်သွားပွတ်တံ (၄ ချောင်း) | ၃-၀-၀ |
| သွေးသားညီညွတ်ရန်ဆေးဖိုးဝါးခ | ၃၀-၀-၀ |
| သနပ်ခါးတုံး (တစ်နှစ်အတုံး ၂၀၀) | ၅၀-၀-၀ |
| အချစ်နှင့်ပတ်သက်ပြီးဆည်းပူးရန် ဝယ်ယူဖတ်ရှုရသော စာအုပ်ဖိုး | ၁၈-၀-၀ |
| အိပ်မက်တိတ္ထကျမ်း စသောဗေဒင်ကျမ်း၊ အသားလှုပ်ကျမ်းများ | ၃၀-၄-၀ |
| အလှပြုပြင်နည်း စာအုပ်များဝယ်ဖတ်ခ | ၁၂၀-၀-၀ |
| ကိုယ့်ရည်းစားအကြောင်း ပြောပြရန် အပေါင်းအဖော်များကို ဖိတ်ခေါ်ကျွေးရသည့်စရိတ် | ၁၄၀-၁၅-၀ |
| ဗေဒင်ဆရာကို လူလွှတ်ပြီးမေးခ | ၁၃၀-၀-၀ |
| စုစုပေါင်း | ၇၁၃၀-၇-၀ |

mgyoe.com

ဤကဲ့သို့ တစ်နှစ်တစ်နှစ် ကုန်ကျရခြင်းမှာ လူပျိုက အပျိုကို၊ အပျိုက လူပျိုကို လူငယ်တို့ဘာဝ ချစ်ကြိုက်ကာ ကုန်ကျကြရခြင်းဖြစ်၍ ဤစရိတ်များလည်း အကုန်သက်သာရလေအောင် ချစ်သူချင်းလည်း ညားရလေအောင် လူဦးရေနည်းပါးလှသော တိုင်းပြည်ကိုလည်း လူဦးရေထောက်ပံ့ချီးမြှင့်နိုင်ရလေအောင် အချက်အရပ်ရပ်အလျှင် မကြာခရီးရောက်စေဖို့ (ကိုင်း– တိုတိုတုတ်တုတ်ရေးရမှာဖြင့် ယခုလအတွင်းမှာပဲ) လက်ထပ်မင်္ဂလာ ပြီးမြောက်ပါစေတော့ခင်ဗျား။

မြန်မာ့အလင်း မဂ္ဂဇင်း၊ တွဲ–၁၊
အမှတ်(၂)၊ နိုဝင်ဘာ ၁၉၃၈

❑

mgyoe.com